မြန်မာနိုင်ငံ
ကက်သလစ်
ဆရာတော်များ
အဖွဲ့ချုပ်
သတင်းဂျာနယ်

# the CBCM Herald

မိမိ၏ မိတ်ဆွေတို့ အတွက်
အသက်စွန့်သော ချစ်ခြင်း
ထက် သာ၍ ကြီးမြတ်သော
ချစ်ခြင်း မေတ္တာမျိုး
မည်သူ၌မျှ မရှိ။
ယောဟန် ၁၅း၁၃

ဇူလိုင်လ ၂၀၁၈ ခုနှစ် | မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ လစဉ်ထုတ်ဝေသည် | အတွဲ (၃) အမှတ် (၆)




စာ - ၁၂

## မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ် ၂၀၁၈ ခု ဇွန်လ ၅ ရက်မှ ၉ ရက် အထိ ပြုလုပ်ခဲ့သော စုံညီ အစည်းအဝေး



ဆရာတော်ကြီး နီကော်လား မန်ထန်း၏ ရဟန်းဝါတော် ၄၅ ဝါပြည့် အခမ်းအနား

စာ - ၇




ကက်သလစ် မစ်ရှင်မှ စီစဉ်သော ကာဒီနယ် ချားလ်စ်ဘို၏ ဩစတြေးလျ ခရီးစဉ်

စာ - ၆



မြန်မာနိုင်ငံ ကက်သလစ် သူတော်စင်များ အဖွဲ့ချုပ်
(CRCM) - ၇၇ ကြိမ်မြောက် အထွေထွေ ညီလာခံ

စာ - ၁၃



ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး သင်တန်းကျင်းပ

စာ - ၆

## အယ်ဒီတာ့ အာဘော်

### ကြီးမားသော ချစ်ခြင်းမေတ္တာ

မြန်မာ အဘိဓာန်တွင် "အာဇာနည်" ဆိုသည့် စာလုံးကို 'သာမန်ထက် လက်ရုံးရည် နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်သူ' ဟု အနက်ဖွင့်ထားသည်။ မိမိအတ္တကို ရှေ့တန်းတင်းတတ်ကြသော လူသားသဘာဝထဲတွင် အများအတွက် သက်စွန့်ကြိုးပမ်းသူများလည်း ရှိနေခြင်းက လူသားထုအတွက် မျှော်လင့်ချက်များ မွေးဖွါးပေးနေခြင်းဖြစ်သည်။

"အများအကျိုးဆောင်၊ ကိုယ့်အကျိုးအောင်" ဆိုသည့် ဆိုရိုးစကားသည် ယခုခေတ်ကာလတွင် လူကြိုက် မများတော့သည့် အဆိုတစ်ခုဖြစ်နေပေပြီ။ ကိုယ်အကျိုးကို ဦးစားပေးကာ အများ၏ အကျိုးကိုသယ်ပိုးလာကြသည်။ စွန့်လွှတ်အနစ်နာခံသူများကိုလည်း မဖြစ်နိုင်ပါဟူသော မှတ်ချက်ဖြင့် သံသယဝင်လာကြသည်။ သို့သော် မြန်မာနိုင်ငံ တဝှမ်းတွင် ပရဟိတ အသင်းများစွာ ပေါ်ထွက်လာနေသည်ကိုလည်း သတိပြုမိပါသည်။ နွမ်းပါးသူများနှင့် မျှဝေသူများ၊ မိမိတို့၏ ချွေးနည်းစာလေးများအား သဒ္ဓါတရား ထက်သန်စွာ စေတနာ အပြည့်ဖြင့် လှူဒါန်းကြသူများကိုလည်း ကြည်နူးဘွယ်ရာ တွေ့မြင်ရပါသည်။

ခရစ်ယာန်ဆိုသည်မှာ တပါးသူအတွက် ရှင်သန်သူဟု ပြောစမတ်ပြုကြသည်။ ခေတ်ကာလ အဆက်ဆက် တပါးသူအတွက် ပေးဆပ်ရှင်သန်နေထိုင်ခဲ့သူများ၊ အသက်စွန့်ခဲ့သူများစွာကို အသင်းတော်၏ သမိုင်းတွင် မြောက်မြားစွာ တွေ့နိုင်သည်။ ခရစ်တော်ဘုရားရှင် ကိုယ်တော်တိုင် လူအများ အသက်ရှင်ရေးအတွက် မိမိ အသက်ကို စွန့်ခဲ့သူဖြစ်သည်။ ထို့အပြင် "မိမိ၏ မိတ်ဆွေတို့ အတွက် အသက်စွန့်သော ချစ်ခြင်းထက် သာ၍ကြီးမြတ်သော ချစ်ခြင်း မေတ္တာမျိုး မည်သူ၌မျှ မရှိ။" (ယောဟန် ၁၅း၁၃) ဟု မိန့်ကြားခဲ့သည်။

ခရစ်တော်၏ လမ်းစဉ်ကို လိုက်ကြသောကျွန်ုပ်တို့ ခရစ်ယာန်များအတွက် ချစ်ခြင်းမေတ္တာ၌ ပေါင်းစည်းခြင်းသည် အသက်ရှင်သန်ခြင်း ဖြစ်သည်။ ထိုကြောင့် ခရစ်တော်က "ငါ့ကို ယုံကြည်သောသူသည် သေပြီးသော်လည်း အသက်ရှင်လိမ့်မည်" (ယောဟန် ၁၁း၂၆) ဟု မိန့်ဆိုခဲ့သည်။ "ငါ၏ ပညတ်များကိုခံယူ၍ စောင့်ထိန်းသောသူသည် ငါ့ကို ချစ်၏။ ငါ့ကို ချစ်သောသူကို ငါ၏ ခမည်းတော်သည်လည်း ချစ်တော်မူလိမ့်မည်။ ငါသည်လည်း သူတို့ကို ချစ်တော်မူ၍ သူတို့အား ငါ့ကိုယ်တိုင်သူတို့အား ထင်ရှားပြမည်။" (ယောဟန် ၁၄း၂၁) ထို့ကြောင့် ချစ်ခြင်းမေတ္တာသည် လူနှင့် ဘုရားကို တစ်လုံးတစ်ဝတည်း ဖြစ်စေသကဲ့သို့ လူသားအားလည်း ဘုရားရှင်၏အသက်တာတွင် ပါဝင်စေခြင်းဖြစ်သည်။ တနည်းဆိုရသော် "ချစ်ခြင်းမေတ္တာသည် သေခြင်းတရားထက် များစွာ ပိုမို အစွမ်းထက်သည်" ဟူသော အဆိုသည် ကျွန်ုပ်တို့အတွက် အလွန်မှန်ကန်သော အဆိုဖြစ်သည်။

ချစ်ခြင်း မေတ္တာဟု ဆိုသော အရာသည် စိတ်ခံစားမှုသက်သက် မဟုတ်သလို၊ ကိုင်တွယ်ထိတွေ့မရနိုင်သော စိတ်ကူးယဉ်တစ်ခုလည်း မဟုတ်ပါ။ ချစ်ခြင်း မေတ္တာသည် အသက်ကို စတေးသည်အထိ စွန့်စားရဲသော "ဆောင်ရွက်မှု" တစ်ခုဖြစ်သည်။ ထိုသို့ဆိုသော် အချစ်ကို သက်သေပြရန် အသေခံရမည်ဟု မဆိုလိုပါ။ ကြီးမားသော မေတ္တာသည် တပါးသူ ကောင်းစားရေးအတွက် "လုပ်ဆောင်ချက်" တစ်ခုဖြစ်သည်။ နာကျင်မှု၌ ရှင်သန်လုပ်ဆောင်နေခြင်းသည် အသက်မဲ့သွားသောခန္ဓာကိုယ်ထက် အဆပေါင်းများစွာ တန်ဘိုးရှိသည်ကို အထူး ရှင်းပြနေဖို့မလိုပါ။

မာသာထရေဇာက "ချစ်ခြင်းမေတ္တာကို အစေခံခြင်း၌ ဖေါ်ပြသည်" ဟု မှတ်ချက်ပြုခဲ့သည်။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က "သင်သည် အစေမခံတတ်လျှင် ခရစ်ယာန် မဟုတ်" ဟု ပြတ်သားစွာ မိန့်ဆိုခဲ့သည်။ စစ်မှန်သော ခရစ်ယာန် တစ်ဦးသည် တပါးသူကို အစေခံတတ်ရမည်။ အထူး သဖြင့် နွမ်းပါးသူများကို အစေခံရမည် ဟု ပုပ်ရဟန်းမင်းကြီးက မှာကြားထားသည်။ (ဇွန် ၁၁ ရက် ၂၀၁၅ - ဩဝါဒ)

ထို့ကြောင့် ယုံကြည်ခြင်း၊ ချစ်ခြင်းတို့ဖြင့် အသက်ရှင်သော ခရစ်ယာန် တစ်ဦး၏ အသက်တာသည် အာဇာနည် အသက်တာ ဖြစ်သည်။ ဘုရားရှင်အပေါ် ထားရှိသော ယုံကြည်ခြင်းနှင့် ချစ်ခြင်းတို့က ကျွန်တို့အား ဘုရားရှင်၏ အသက်တာတွင် ပါဝင် ရှင်သန်ခွင့်ပေးသည်။ ဘုရားရှင်အပေါ် ထားရှိသော ချစ်ခြင်းမေတ္တာက ကျွန်ုပ်တို့အား အခြားလူများကို အစေခံတတ်ရန် ဖိတ်ခေါ်သည်။ သို့သော် စိတ်ကူးယဉ်မဟုတ်သော ချစ်ခြင်းက စိန်ခေါ်မှုများနှင့် ပြည့်နက်နေသည်။ ထိုစိန်ခေါ်မှုများကို ကျော်လွှားကာ စွန့်လွှတ် စွန့်စားသော ခရစ်ယာန် ချစ်ခြင်း မေတ္တာသည် အာဇာနည် စိတ်ထားကို မွေးဖွါးပေးသည်။ ချစ်ခြင်းဖြင့် ရှင်သန်သော အာဇာနည်များ ဖြစ်နိုင်ကြပါစေ . . .။






ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ် ဖရန်စစ်သည် ပြင်သစ်သမ္မ မာခရွန်အား ဗာတီကန်တွင် ဇွန်လ ၂၆ ရက်နေ့က လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံချိန်တွင် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေး၊ ရွှေ့ပြောင်းလာသူများ အရေး နှင့် ပဋိပက္ခများ တားဆီးရေးတို့အကြောင်း ဆွေးနွေးပြောဆိုခဲ့ကြသည်ဟု ထုတ်ပြန်ချက်အရသိရသည်။ ကမ္ဘာ့အရေးနှင့် ပတ်သက်၍ ဆွေးနွေးခြင်းတွင် ပဋိပက္ခ တားဆီးရေး လက်နက်များ ဖျက်သိမ်းရေးတို့ ဆွေးနွေး ပြောဆိုခဲ့သည်ဟု ထုတ်ပြန်ခဲ့သည်။

ပုပ်ရဟန်းမင်းကြီးက ကက်သလစ် ဘာသာဝင်များသည် ပြင်သစ်ပြည် တိုးတက်ရေးအတွက် အထောက်အကူ ပြုကြောင်း ပြောပြခဲ့သည်။

လက်ဆောင်များ လဲလှယ်ရာတွင် ပုပ်ရဟန်းမင်းကြီးက ဆင်းရဲသားအား အနွေးထည်တပိုင်း ဖြတ်ပေးနေသော ရဟန္တာ မာတင်၏ ပုံပေးခဲ့သည်။ မာခရွန်သည် အသက် ၁၂ နှစ်အရွယ်တွင် ကက်သလစ်တစ်ဦး အဖြစ် ဆေးကြောခြင်း ခံယူခဲ့သည်။

Ref: Vatican News

ထုတ်ဝေခွင့်အမှတ်
၀၁၇၂၅

နာယက
ဆရာတော် ပီတာလွိုင်စ် ကျာရူ

အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ
ဖာသာရ် မာရီယာနို စိုးနိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ဖာသာရ် ဂျိမ်းဘရန်ဂျာ၊ ဖာသာရ် စောလောရင်းစ်၊ ဖာသာရ် ဝီလျံစိုး၊ ဖာသာရ် ဩဂုတ်စတင်းရွှေ

ဒီဇိုင်းဖွဲ့စည်းပုံ
ဖါသာရ် စိုးနိုင် ၊ ရိုစ့်မေရီ

အတိုင်ပင်ခံများ
CBCM အထွေထွေအတွင်းရေးမှူး၊ ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊ ကက်သလစ်ရှေ့နေများအဖွဲ့။

ဖြန့်ချီရေးတာဝန်ခံများ
သာသနာ (၁၆)ခု နှင့် သူတော်စင်ဂိုဏ်းများမှ လူထုဆက်သွယ်ရေးတာဝန်ခံများ

ပုံနှိပ်တိုက်
စိန်ဖေးပီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ငွေလွှဲရန်
ရိုးမဘဏ်နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅

ဆက်သွယ်ရန်
CBCM Herald သတင်းစာရုံးခန်း
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈ (ရုံးဖွင့်ချိန်များသာ)
cbcmosc@gmail.com

# ဆေးကြောခြင်း စက္ကရမင်တူးမင်္ဂလာ

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်က အပတ်စဉ် ဗုဒ္ဓဟူးနေ့ လူထုပရိသတ်အား ကိုယ်တော်မြတ် စက္ကရမင်တူးနှင့် မွန်စွားတရား တော်မြတ် အကြောင်း သွန်သင်ခဲ့ပြီးတဲ့နောက် ဆေးကြောခြင်း စက္ကရမင်တူး အကြောင်းကို ဆက်လက် သွန်သင်တော်မူခဲ့ပါတယ်။ ၂၀၁၈ ခု ဧပြီနှင့် မေလများအတွင်း သင်ကြားချက်များကို တစုတည်း ဖေါ်ပြပေးလိုက်ပါတယ်။

## ဆေးကြောခြင်းရဲ့ နက်နဲရာ

ခရစ်ယာန် ဘဝ အသက်တာဆိုတာ ခရစ်တော်ဆီကနေလာပြီး ခရစ်တော်ကိုကျွန်ုပ်တို့ဘဝထဲမှာရှင်သန်စေခြင်းပဲဖြစ်ပါတယ်။ ခရစ်ယာန်ဘဝရဲ့ ဆေးကြောခြင်း စက္ကရ မင်တူးကို ခံယူခြင်းအားဖြင့် စတင်ကြ ရပါတယ်။ ဘုရားရှင်ရဲ့ ရွေပုံသဏ္ဍာန်အတိုင်း ပိုမိုထပ်တူကျစေဖို့ ဆေးကြောခြင်း ခံယူပြီး ခရစ်တော်၌ ပါဝင်ရမှာပါ။ ဆေးကြော ခြင်းဆိုတာ ခရစ်ယာန်ဘဝ တစ်ခုလုံးရဲ့ အစမူလ ဖြစ်တယ်ဆိုတာကို ဘုရားစကားမှာလည်း ကြားသိခဲ့ဖူးမှာပါ။ ပထမဆုံးခံယူရတဲ့ ဒီဆေးကြောခြင်း စက္ကရမင်တူးကို ခံယူလိုက်တဲ့အခါမှာ ခရစ်တော်က မိမိဘဝထဲ ဝင်လာပြီး မိမိကိုယ်၌ကလည်း ခရစ်တော်ရဲ့ နက်နဲဖွယ်ရာ ထဲမှာ ပါဝင်ပတ်သက်လာပါတယ်။

ဆေးကြောခြင်းဆိုတဲ့ ဝေါဟာရကို ဂရိ လိုဆိုရင် နှစ်ခြင်းခံရန်လို့ အဓိပ္ပါယ်ရပါတယ်။ အသစ်အစ ပျိုးသူ့အတွက် ရေအားဖြင့် ဆေးကြော သန့်စင်ခြင်းကို သဘော ဆောင်ပါတယ်။ ခန္ဓာကိုယ် ဒါမှမဟုတ် ဦးခေါင်း ကို ရေမှာ နှစ်တယ်။ လူ့ ဝိညာဉ်ကိုကျတော့ အပြစ် ခွင့်လွှတ် ချမ်းသာရဖို့ ဘုရားသခင်ရဲ့ အလင်းအောက်မှာ ရှင်သန် နိုင်ဖို့ ခရစ်တော်၌ နှစ်မြှုပ်ခြင်းခံ ရ ပါတယ်။ အပြစ်ကြောင့် ဘုရားနဲ့ ဝေးကွာသွားရတဲ့ လူဟောင်းဘဝကို စွန့်ပြီး ခရစ်တော်၌ အသစ်မွေးဖွားခြင်းကို ခံရပါတယ်။ ဒါကြောင့် ဆေးကြောခြင်းဆိုတာ အသစ်တစ်ဖန် မွေးဖွားခြင်းပါပဲ။ ဘုရားသခင်၌ အသစ်မွေးဖွားခြင်းခံရတဲ့ ဒီနေ့ရက်ကို မမေ့ပစ်ကြပါနဲ့။ ဘုရားသခင်အား ကျေးဇူးတင်ပြီး အမြဲ အမှတ်ရနေအောင် လုပ်ကြပါ။

ခရစ်တော်က ကောင်းကင်ဘုံသို့ မတက်ကြွခင်မှာ သူ့ရဲ့ တပည့်တော်ကြီးတွေကို မှာကြားခဲ့ပါတယ်။ "သင်တို့သည် သွား၍ လူမျိုးတကာတို့အား ငါ့တပည့်ဖြစ်စေကြလျှက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမတော်၌ ဆေးကြောခြင်းကို ပေးကြလော့" လို့ အမိန့်ရှိခဲ့ပါတယ်။ ဒါကြောင့် ဆေးကြောခြင်းကို ခံယူတဲ့ သူတိုင်းက ပုဂ္ဂိုလ်သုံးပါး တစ်ဆူဘုရားရဲ့ အသက်တာမှာလည်း ပါဝင်လာကြ ပါတယ်။ တကယ်တော့ ဆေးကြောခြင်းမှာ သုံးတဲ့ ရေဟာ ရိုးရိုး သာမန်ရေ မဟုတ်



ပါဘူး။ အသက်ကိုပေးတဲ့ သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ အမှတ်သင်္ကေတ တစ်ခုဖြစ်ပါတယ်။ ဆေးကြောခြင်း ခံတဲ့အခါ ဝိညာဉ်တော်ကိုလည်း ခံယူရရှိပြီး အသက်သစ်ကို လျှောက်လှမ်းနိုင်ဖို့ အသစ် မွေးဖွားခြင်းခံကြရတယ်။

ခရစ်တော်၌ ဆေးကြောခြင်း ခံယူခြင်းအားဖြင့် ခရစ်တော်ရဲ့ ကိုယ်ခန္ဓာတော်၊ တစ်နည်းအားဖြင့် အသင်းတော် တည်ဆောက် ရေးမှာလည်း ပါဝင်မျှဝေ ကြရတယ်။ ဆေးကြောခြင်းခံရသူ ခရစ်ယာန်တွေဟာ ဘယ်တော့မှ တစ်သီးပုဂ္ဂလ အထီး ကျန်စရာအကြောင်း မရှိပါဘူး။ ခရစ်တော်ရဲ့ ခန္ဓာကိုယ်၌ အားလုံးဟာ ညီအစ်ကို မောင်နမတွေသာ ဖြစ်ပါတယ်။ မိမိအား ဘုရားပေးထားတဲ့ ဘဝအခြေအနေအတိုင်း လောကကြီးအတွက် အသင်းတော်ထဲမှာ ခရစ်တော်နှင့်အတူ ပေါင်းစည်း ရှင်သန်တတ်ဖို့ ဆေးကြောခြင်း စက္ကရမင်တူးက ကျွန်ုပ်တို့ကို အထောက်အပံ့ဖြစ် စေပါတယ်။ ဆေးကြောခြင်းကို တစ်ကြိမ်ထဲသာ ခံယူရရှိပြီး ဒီစက္ကရမင်တူးနဲ့ ကောင်းကင်သို့ ဘဝခရီးလမ်းကို ဦးတည် လျှောက်လှမ်းစေပါတယ်။ ကလေးဘဝထဲကစလို့ ယုံကြည်ခြင်းခရီးစဉ်ကို အစပြု ကြရတာတွေ ရှိတယ်။

ဒီနေရာမှာ ကလေးငယ်တွေကို ဆေးကြောခြင်းပေးတာနဲ့ ပတ်သက်ပြီး မေးခွန်းတစ်ခု မေးနိုင်ပါတယ်။ ဘာကြောင့် ဘာမှ နားမလည်တဲ့ ကလေးတွေကို ဆေးကြောခြင်း ပေးရတာလဲ။ အမှန်တော့ ကလေး ငယ်တွေကို ဆေးကြောခြင်း ပေးတာဟာ အသင်းတော်အစကတည်းက ကျင့်သုံးခဲ့ကြပါတယ်။ ကလေးတွေ ကိုယ်စား မိဘတွေက ယုံကြည်ခြင်းကို ဝန်ခံပေးကြတယ်။ ကြီးလာတဲ့အခါမှာ ယုံကြည်ခြင်း၌ တဖြေးဖြေး ရှင်သန်ရင့်ကျက်လာပြီး မိမိခံယူ ခဲ့တဲ့ ဆေးကြောခြင်းကို နားလည်အောင် သွန်သင်ရှင်းပြပေးရမှာ ဖြစ်ပါတယ်။ ကလေးတစ်ယောက်ကို ဆေးကြောခြင်း ပေးတဲ့အချိန် သန့်ရှင်းသော ဝိညာဉ်တော်ဘုရားက သူ့ဆီမှာ ကိန်းဝပ်ပြီး အဲ့ဒီကလေးကို ခရစ်ယာန် ပါရမီတရားတွေကို ရှင်သန်ကြီးထွားအောင် ကျေးဇူးတော်တွေ ပေးပါတယ်။ ဒါကြောင့် သန့်ရှင်းသော ဝိညာဉ်တော်ဘုရား ကိန်းဝပ်လာတာမို့ ကလေးဘဝ ကတည်းကစပြီး ဆေးကြောခြင်းကို ပေးဖို့ လိုအပ်ပါတယ်။ ဆေးကြောခြင်း စက္ကရမင်တူးဟာ လူတိုင်းအတွက် ကျေးဇူးတော် လက်ဆောင် ဖြစ်ပါတယ်။ ဒီလက်ဆောင်ဟာ ယုံကြည်ခြင်း မြေ၌သာလျှင် ရှင်သန်ကြီးထွားလာတာမို့ ခရစ်တော်၌ ပိုပြီး ယုံကြည်ခြင်းထားရှိပြီး အမြဲတမ်း အသစ်မွမ်းမံဖို့လည်း လိုအပ်ပါသေးတယ်။

## ခရစ်ယာန်ဘဝ အစ

ဆေးကြောခြင်း ခံယူတဲ့အခါ ခံယူမယ့်သူရဲ့ နာမည်ကို ပြောပြရပါယ်။ နာမည်ဆိုတာ လူပုဂ္ဂိုလ်ရဲ့ အတိတ် နိမိတ် ပုံရိပ်တစ်ခုပဲဖြစ်ပါတယ်။ နာမည်မရှိရင် အဲ့ဒီ လူဟာ အပြင်လူပါပဲ။ တာဝန်လည်း မရှိဘူး။ အခွင့်အရေးလည်း မရှိနိုင်ဘူး။ ဘုရားသခင်က လူကိုခေါ်တဲ့ခါမှာ တစ်ဦးချင်းစီကို နာမည်တပ်ပြီး ခေါ်ပါတယ်။ ဆေးကြောခြင်းမှာ နာမည်ခံယူခြင်းအားဖြင့်လည်း လူကမိမိရဲ့ ခရစ်ယာန်ခေါ်တော်မူခြင်းကို အစပြုကြရတယ်။ အဲ့ဒီကနေတဆင့် ဘုရားရဲ့ ခေါ်သံကို တဖြေးဖြေး တုန့်ပြန်သွား ရမှာဖြစ်တယ်။ ခရစ်ယာန်ဘဝဆိုတာ အခေါ်ခံရတာ ရှိသလို တုန့်ပြန်နားစွင့်ရတာမျိုးလည်း ရှိပါတယ်။ နာမည်တပ်ပြီး ဘုရားရှင်က ခေါ်လေ့ရှိတာမို့ နာမည်ဆိုတာ အရေးကြီးလှပါတယ်။

ခရစ်ယာန် ဖြစ်လာရတဲ့ ဘဝ အသက်တာဟာ အမြင့်မြတ် ဆုံးသော ကျေးဇူးတော် တစ်ခုဖြစ်ပါတယ်။ ယုံကြည်ခြင်းကို ဝယ်ယူလို့မရဘူး။ တောင်းခံလို့ပဲ ရပါတယ်။ ဒါကြောင့် ကျေးဇူးတော်အဖြစ် ခံယူတတ်ဖို့ လိုပါတယ်။ မဝယ်နိုင်တဲ့ ယုံကြည်ခြင်းကို တောင်းခံကြတာဟာ အင်မတန်လှပတဲ့ ဆုတောင်းခြင်း တစ်ခုပါပဲ။ တကယ်တော့ ဆေးကြောခြင်းဆိုတာ သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ အလင်း ကျေးဇူးကို ခံယူပြီး ခရစ်တော်ရှင်ရဲ့ သတင်းကောင်းကို တုန့်ပြန်ကြဖို့ ယုံကြည်ခြင်း စက္ကရမင်တူး တစ်ပါးဆိုလည်း မမှားပါဘူး။ ဒီယုံကြည်ခြင်း စက္ကရမင်တူးကို ခရစ္စတူးအမှတ် သားခြင်းအားဖြင့် စတင်ကြတယ်။ ကလေးတွေရဲ့ နဖူးပေါ်မှာ ခရစ္စတူးအမှတ် သားပေးကြတယ်။ ကားတိုင် အမှတ် အသားဖြစ်တဲ့ ခရစ္စတူးအမှတ်ကို သားခြင်းအားဖြင့် ကျွန်ုပ်တို့ ဘယ်သူ ဘယ်ဝါလဲဆိုတာကို သိစေပါတယ်။ ကားတိုင်ဆိုတာ ခရစ်တော်ရဲ့ ချစ်ခြင်းမေတ္တာ သင်္ကေတ။ ကျွန်ုပ်တို့ရဲ့ အပြောအဆို၊ အတွေးအခေါ်၊ အပြုအမူ အားလုံးဟာ ခရစ်တော်ရဲ့ ချစ်ခြင်း မေတ္တာအောက်၌ ထားရှိရမယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်ပါတယ်။ ခရစ္စတူး အမှတ်အသားကို နား၊ မျက်စိ၊ နှုတ်ခမ်း၊ နလုံးသား၊ ပုခုံး တွေပေါ်မှာ သားခြင်းအားဖြင့် ခရစ်တော်ကို ကျွန်ုပ်တို့ ဘဝထဲမှာ တံဆိပ်ခပ်နှိပ် ပေးလိုက်ပါတယ်။ ဝိညာဉ်မှာ ခပ်နှိပ်ထားတဲ့ ခရစ်ယာန် တစ်ယောက်ရဲ့ အမှတ်အသားဟာ ခရစ်ယာန် ဘဝကို ရှင်သန်ကြတဲ့အခါမှာ မြင်သာထင်သာ ရှိစေလာပါတယ်။ အိပ်ယာထ၊ အိပ်ယာဝင်၊ ထမင်းမစားခင်နဲ့ စားပြီးတဲ့နောက်၊ အန္တရယ် ကျရောက်ချိန်တွေမှာ ခရစ္စတူးအမှတ်ကို ပြုလုပ်ကြတာဟာ ခရစ်တော်၌ သက်ဆိုင်ကြောင်း သတိရ ဝန်ခံကြရာလည်း ရောက်ပါတယ်။ ဒါကြောင့် ကလေးတွေကို ခရစ္စတူးအမှတ် ကောင်းကောင်းသား တတ်ဖို့ သင်ပေးရပါမယ်။ ဘုရားကျောင်းထဲ ဝင်တဲ့အချိန်မှာ မေတ္တာရေကို တို့ကြတယ်။ အိမ်တွေမှာ မေတ္တာရေ ပတ်ဖျန်းကြတာတွေ ဟာလည်း ကောင်းတဲ့ အကျင့်တွေဖြစ်ပြီး ဆေးကြောခြင်းကို ပြန်လည်အောက်မေ့ သတိရစေပါတယ်။

## အသင်းတော်နှင့်အတူ

နောက်ထပ် ပြောချင်တာ တစ်ခုက ကျွန်ုပ်တို့ ဆေးကြောခြင်း ခံယူတဲ့အခါမှာ ဘယ်တော့မှ တစ်ယောက်ထဲ မဟုတ်ပါဘူး။ အသင်းတော် တစ်ခုလုံး ကပါ အတူရှိနေပါတယ်။ ရဟန္တာ တွေရဲ့ လစ်တာနီကို ရွတ်ဆိုပြီး သူတို့ရဲ့ အကူညီကို တောင်းခံတယ်။ အသင်းတော်ကြီးက ဒီလိုဆုတောင်း ပါဝင်ခြင်း အားဖြင့် အပြစ် ဒုစရိုက်ကိုရှောင်ပြီး ကောင်းတဲ့ပါရမီတွေကို ကျင့်နိုင်ဖို့ ကူညီအားဖြည့်ပေးပါတယ်။ အမိအသင်းတော်က အယောက်စီတိုင်း အတွက် အမြဲဆုတောင်း ပေးနေပါတယ်။ အသင်းတော်ကြီးဖြစ်တဲ့ ကျွန်ုပ်တို့ကလည်း တစ်ယောက်နဲ့ တစ်ယောက် အတွက် ဆုတောင်း ပေးကြတယ်။ တစ်ပါးသူအတွက် ဆုတောင်းပေး တယ်ဆိုတာ သိပ်ကို ချစ်စရာကောင်းတဲ့ အပြုအမူတစ်ခုဖြစ်ပါတယ်။ အသင်းတော်နဲ့ ပေါင်းစည်းပြီး အများအတွက် ဆုတောင်း ပေးဖို့ လိုပါတယ်။ ဆေးကြောခြင်းခံတဲ့ သူတွေ အ

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှအဆက်

တွက်လည်း အပြစ်ရင်းမှ လွတ်မြောက်ပြီး ဘုရားသခင်ကိန်းဝပ်တဲ့ ဘုရားသားသမီးတွေ အမှန်ဖြစ်လာဖို့ ဆုတောင်းပေးရမယ်။

မကောင်း ဒုစရိုက် နတ်ဆိုးကို တိုက် ခိုက်အောင်နိုင်ဖို့ ဝိညာဉ်တော် ဘုရားကို ခံယူရှိစေတဲ့ ကျေးဇူးတော် စက္ကရမင်တူးလည်းဖြစ်ပါတယ်။ ခရစ်ယာန်ဘဝဟာ နတ်ဆိုးရဲ့ စုံစမ်းနှောက်ယှက်ခြင်းနဲ့ မကင်းပါဘူး။ ဘုရားနဲ့ ဝေးကွာသွားအောင် နတ်ဆိုးက မရရအောင် ခွဲပြီး လောကရဲ့ ဆွဲဆောင်မှုအောက်မှာ ကျရှုံးစေဖို့ ကြိုးစားတယ်။ ဒါပေမဲ့ ဆေးကြောခြင်း စက္ကရမင်တူးရဲ့ ကျေးဖူးတော်တွေက ခြင်္သေ့တစ်ကောင်လို မာန်ဖီခြိမ်းခြောက်လေ့ရှိတဲ့ နတ်ဆိုးရဲ့ အတိုက်အခိုက်တွေကို ခုခံရင်သန်နိုင်ဖို့ နေ့စဉ် ခွန်အားကို ပံ့ပိုးပေးပါတယ်။

ဆေးကြောခြင်း ရေ

ဆေးကြောခြင်းဝိနည်းမှာ ကျွန်ုပ်တို့အသုံးပြုကြတဲ့ ရေကိုလည်း အနည်းငယ် ထောက်ရှုဝေမျှ ချင်ပါတယ်။ အားလုံးသိကြတဲ့အတိုင်း ရေဆိုတာ အသက်ရှင်ဖို့ အရေးကြီးတဲ့အရာတစ်ခု။ ရေမရှိရင် သေနိုင်တယ်။ သဲကန္တာရ နွေပူပူဒဏ်ကို ခံစားဖူးသူတိုင်း ရေရဲ့ တန်ဖိုးကို ပိုသိတယ်။ ရေဆိုတာ အသက်။ ရေဆိုတာ သန့်ရှင်း ခြင်းကို သရုပ်ဆောင်တယ်။ မဖြူစင်တာတွေကို ဆေးကြော သန့်စင်အောင် ပြုလို့ရတယ်။ ရေနဲ့ ဆေးကြော ခြင်းစက္ကရမင်တူးကို ပေးတာဟာ သိပ်ကို သဘာဝကျပါတယ်။ ရေဆိုတာ သန့်စင်နိုင်စွမ်းရှိတာ မှန်ပေမဲ့လည်း သူကိုယ်တိုင်က မသန့်စင် ပေးနိုင်ပါဘူး။ သန့်စင်စေသူ တစ်ယောက်ယောက်က ရေကို အသုံးပြု လျှော်ဖွတ်မှသာ သန့်စင်စေတာဖြစ်ပါတယ်။ ဆေးကြောခြင်းမှာလည်း ရေက အပြစ်ရဲ့ညစ်ညမ်းမှုတွေကို ဆေးကြောပေးတာ မဟုတ်ပါဘူး။ ဆေးကြော သန့်စင်သူက ခရစ်တော်ဘုရားရှင်ပဲ ဖြစ်ပါတယ်။ ရေက စင်ကြယ်နိုင်စွမ်းရှိတယ်။ စင်ကြယ်အောင်ပြုလုပ်သူ အကျိုးဖြစ် ထွန်းစေသူကတော့ သန့်ရှင်းသောဝိညာဉ်တော် ဘုရားပဲဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ဆေးကြောခြင်းကို ပေးတဲ့အခါ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားရဲ့အကူအညီကိုတောင်းခံကြ ရတယ်။ ဒါမှသာ ရိုးရိုးရေအဖြစ်ကနေ သန့်ရှင်းသောဝိညာဉ်တော်ဘုရားရဲ့ တန်ခိုးအစွမ်းကို ဆောင်ကြဉ်းပေးတဲ့ ရေဖြစ်လာပါတယ်။ အဲ့ဒီရေ၊ အဲ့ဒီသန့်ရှင်းသော ဝိညာဉ် တော်ရဲ့ တန်ခိုးနဲ့ ကျွန်ုပ်တို့ အားလုံးက ဆေးကြောခြင်း ခံယူကြတာပဲလေ။

ဆေးကြောခြင်း စမ်းအိုင်က ရေကို ကောင်းကြီး ပေးပြီးတာနဲ့ တစ်ပြိုင်နက် ကျွန်ုပ်တို့ရဲ့ နလုံးသားတွေ ကလည်း ဆေးကြောခြင်းကိုခံယူဖို့ ပြင်ဆင်ရပါတယ်။ နတ်ဆိုးနဲ့ နတ်ဆိုးရဲ့ လုပ်ငန်းတွေကို ပစ်ပယ်ပြီး ယုံကြည်ခြင်းကို ဝန်ခံကြတယ်။ လူနဲ့ ဘုရားစိတ်ဝမ်းကွဲအောင် ခွဲတတ်တဲ့ နတ်ဆိုးကို ငြင်းပယ်ပြီး ဘုရားရှင်ရဲ့ အသက်တာမှာ ပိုပြီးပြည့်ဝစွာ ပါဝင်နိုင်ဖို့ တုန့်ပြန်ကြပါတယ်။ ခွဲခွာစေသူက နတ်ဆိုးပါ။ ဘုရားရှင်ကတော့ အမြဲ တစ်လုံးတစ်ဝ တည်းဖြစ်အောင် ပေါင်းစည်းပေးတယ်။ နတ်ဆိုးကို ပယ်မလား၊ ဘုရားကို ရွေးမလားဆိုတာကို ဆုံးဖြတ်ရပါတယ်။ မိမိကိုယ်ကို တာဝန်ယူပြီး ဘုရားရဲ့ ကျေးဇူးတော်နဲ့ ပြုပြင်ပြောင်းလဲကာ ဘဝသစ်ကို လျှောက်လှမ်းနိုင်ဖို့ ရင့်ကျက်စွာ ရွေးချယ်ကြရတယ်။ ဒါဟာ ဆေးကြောခြင်း စက္ကရမင်တူးရဲ့ အခြေခံ အုတ်မြစ်ပါပဲ။

မဖျောက်ဖျက်နိုင်သော အဆင့်မြင့် ဂုဏ်သိက္ခာ

မိဘတွေက လောက အသက်တာကို ရှင်သန်ခွင့်ပေးစေတယ်ဆိုရင် အမိအသင်းတော် ကလည်း ဆေးကြောခြင်းအားဖြင့် ထာဝရ အသက်တာကို ရှင်သန်ခွင့်ပေးတယ်လို့ ဆိုရမှာပါ။ သခင်ခရစ်တော်၌ ဘုရားရှင်ရဲ့ သားသမီးတွေဖြစ်လာကြတဲ့ ကျွန်ုပ်တို့တွေဟာ ရေအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အထူးချစ်ခင်ခံရ သော သားသမီးတွေ ဖြစ်လာကြတယ်။ ဘုရားရှင်ဟာ ဖခင်ပမာ ကျွန်ုပ်တို့ကို ချစ်မြတ်နိုးတော်မူတယ်။ ဘယ်တော့မှ စွန့်ပစ်မှာ မဟုတ်ပါဘူး။ ဆေးကြောခြင်း ခံတဲ့နေ့မှာ ဘုရားရဲ့ သားသမီးတွေ ထာဝရ ဖြစ်တည်သွားရပါတယ်။ ဘုရားသားသမီး ဖြစ်ရခြင်းဆိုတဲ့ ဝိညာဉ်၌ တံဆိပ်ခပ်နှိပ်မှုကို ဘယ်တော့မှ ဖျောက်ဖျက် ပစ်လို့ရမှာ မဟုတ်ဘူး။ အပြစ်အနာအဆာ၊ အားနည်းချက်တွေကတောင် ဒီတံဆိပ်ကို ဖျက်နိုင်စွမ်း မရှိပါဘူး။ မဖျောက်ဖျက်နိုင်တဲ့ တံဆိပ်နဲ့အတူ ခရစ်တော်၌ ပါဝင်ကြရတဲ့ ကျွန်ုပ်တို့တွေဟာ ခရစ်တော်နှင့် တူအောင် ပြုကြရမှာ ဖြစ်တယ်။ သန့်ရှင်းသော ဝိညာဉ်တော်က သန့်စင်မွန်မြတ်စေပြီး ခရစ်တော်ရဲ့ ခန္ဓာ ကိုယ်၌ ပါဝင်စေတယ်။ ဒါကို ဆီလူးခြင်းဖြင့် ခရစ်တော်နှင့် ပိုပြီး ထပ်တူကျစေပါတယ်။ ဆီလူးတာဟာ ဘိသိတ်ပေးခြင်းတစ်မျိုးပါပဲ။ ခရစ်တော်ရဲ့ ရဟန်းအဖြစ်၊ ပရောဖက်အဖြစ်၊ ဘုရင်အဖြစ်မှာ ပါဝင်ဝေမျှခွင့်လည်း ရှိလာတာမို့ ဆီလူးခြင်းအားဖြင့် ကျွန်ုပ်တို့ရဲ့ လူ့ဂုဏ်သိက္ခာဟာ ပိုပြီး မြင့်သထက် မြင့်လာပါတယ်။ ဂုဏ်သိက္ခာက မြင့်လာ သလို ဒီဂုဏ်သိက္ခာကို မပျောက်ပျက်အောင် ထိန်းသိမ်းဖို့ တာဝန်ကလည်း ကြီးပါတယ်။

ဒီအတွက်ကြောင့် ဆေးကြောခြင်းခံတဲ့အခါမှာ ခရစ်တော်ရဲ့ အလင်းတော်ကို ခံယူလော့ဆိုပြီး ဆေးကြောခြင်း ဖယောင်းတိုင်ကို ပေးပါတယ်။ ဒါဟာ လောကရဲ့ အလင်းဖြစ်စေဖို့ ခရစ်တော်ရဲ့ အလင်းကို ပိုမို ထွန်းလင်းစေဖို့ တာဝန်ပေးအပ်ခြင်းဖြစ်ပါတယ်။ ဒီလိုအားဖြင့် ကျွန်ုပ်တို့ တွေဟာ ခရစ်တော်ရဲ့ ရှင်သန် တည်ရှိမှုကို လူအများ ပိုသိလာ နိုင်စေပါတယ်။ ဆေးကြောခြင်းရဲ့ ကျေးဇူးတော်အားဖြင့် ဝိညာဉ်တော် နှင့် သန့်ရှင်းပြည့်ဝကာ ကျေးဇူးတော် အသီးပွင့်များလည်း သီးပွင့် ဝေဆာ နိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

သီကိုရှင်း

# ၂၀၁၈ ခုနှစ် ဖီဖာ ကမ္ဘာ့ဖလားအတွက် ပုပ်ရဟန်းမင်းကြီး၏ သတင်းစကား




၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပွဲကို ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကာ ဇွန်လ ၁၄ ရက်မှ ဇူလိုင် ၁၅ ရက်အထိ တစ်လတာ ကျင်းပမည်ဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးက ဇွန်လ ၁၃ ရက်နေ့တွင် လူထု ပရိတ်သတ်အား ဘုရားစကားသင်ကြားရင်း ဘောလုံးပွဲအတွက် သတင်းစကား ပေးပို့ခဲ့သည်။

"ကမ္ဘာ့ဘော်လုံးပွဲဝင် အားကစား သမားများ၊ ပွဲဖြစ်မြောက်ရေးအတွက် ကြီးမှူးသူများ၊ ပွဲကြည့် ပရိတ်သတ်များ၊ မီဒီယာများကတဆင့် ပြိုင်ပွဲကို စောင့်ကြည့်ကြသူများ အားလုံးကို ကျွန်ုပ် ဆန္ဒမွန်ပြု နှုတ်ခွန်းဆက်ပါတယ်" ဟု ပုပ်ရဟန်းမင်းကြီးက ဆိုခဲ့သည်။

ကမ္ဘာ့ဖလားဘောလုံးပွဲသည် ရင်းနှီးကျွမ်းဝင်ခြင်း၊ မတူညီသော ယဉ်ကျေးမှုနှင့် ဘာသာရေးယုံကြည်ခြင်းများအကြား ညီရင်းကိုစိတ်ဓါတ်ဖြင့် ဖလှယ်ခြင်းများ၊ နိုင်ငံများအကြား ငြိမ်းချမ်းရေးနှင့် တစိတ်တဝမ်း ဖြစ်ခြင်းကို အားပေး ဖေါ်ဆောင်ပေးသော အခါသမယ ဖြစ်ပါစေကြောင်း ရဟန်းမင်းကြီးက ဆန္ဒပြုခဲ့သည်။

ပုပ်ရဟန်းမင်းကြီးသည် အားကစားကို အလွန်ဝါသနာထုံသူဖြစ်သည်ကို လူအများ သိကြသည်။ အာဂျင်တီးနားနိုင်ငံတွင် ရှိစဉ်က ဘောလုံးပွဲသည် အားကစား တစ်ခုတည်းသာ မဟုတ်ဘဲ ဘာသာဝင်များအား တွေ့ဆုံရန် နေရာ အဖြစ် မှတ်ယူခဲ့သူဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့သော ကမ္ဘာ့ဖလားတွင်ပေးပို့ခဲ့သော သတင်းစကားတွင်လည်း ဘောလုံးပွဲကျင်းပရင်း ရယူနိုင်သည့် ကောင်းကျိုး များစွာကို မီးမောင်း ထိုးပြခဲ့သည်။ စည်းလုံးညီညွတ်ခြင်း၊ တရားမျှတခြင်း၊ ညီအစ်စိတ်ထားစသည်တို့ ရရှိနိုင်ကြောင်း သတင်းစကားတွင် ထည့်သွင်းရေးသားခဲ့သည်။



ရောမမြို့ လူငယ်ကယ်ဆယ်ရေးစခန်းသို့ လည်ပတ်ခဲ့စဉ်က လူငယ်လေး တစ်ဦးနှင့် စားပွဲတင် ဘောလုံးပွဲကစားခဲ့သည်။

# သတင်းပညာနှင့် ပတ်သက်ပြီး ပုပ်ရဟန်းမင်းကြီး၏ လမ်းညွှန်တိုက်တွန်းမှုများ



ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ်သည် အီတလီနိုင်ငံ အခြေစိုက် နိုင်ငံတကာ သတင်းထောက်ဆု "Biagio Agnes" ပေးအပ်ရေး ကိုစားလှယ်အဖွဲ့ကို ဇွန်လ (၄) ရက် တနင်္လာနေ့က ဗာတီကန်နန်းတော်တွင်လက်ခံတွေ့ဆုံခဲ့ပါသည်။ ယင်းတွေ့ဆုံမှုတွင် ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ်မှ အမှန်တရားကို အစေခံရန်၊ မျှော်လင့်ခြင်းကို အားဖြည့်ပေးရန်နှင့် အပယ်ခံဘဝများကိုလည်း မေ့လျော့မထားသင့်ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။

ဇွန်လ ၂၂ မှ၂၄ ရက်အထိ Sorrento မြို့၌ကျင်းပမည်ဖြစ်သော တစ်နှစ်တာအကောင်းဆုံး ဆုပေးအပ်ပွဲမတိုင်မီ နိုင်ငံတကာ သတင်းထောက်ဆု "Biagio Agnes" ပေးအပ်ရေးအဖွဲ့၏ အဖွဲ့ဝင် ၇၀ ပါဝင်သော ကိုစားလှယ်အဖွဲ့နှင့်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ထို့သို့တွေ့ဆုံရာတွင် ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ်က ဒစ်ဂျစ်တယ်နည်းပညာတိုးတက်မှုဖြစ်စဉ်နှင့် မီဒီယာလောက ပြောင်းလဲလာမှုတို့သည် သူတို့အတွက် (သတင်းထောက်များအတွက်) အလွန်အားစိုက်ထုတ်ရသော လုပ်ငန်းဖြစ်လာသည်ဟု ပြောကြားခဲ့သည်။

ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ်မှ သူ၏ ခရီးစဉ်များနှင့် အခြားသောအစည်းအဝေးများတွင် ရေးရိုးရုပ်မြင်သံကြားနှင့် ရေဒီယို အစီစဉ်များနှင့် ယှဉ်လျက် လက်ကိုဖုန်းများဖြင့် သတင်းမေးခြင်း သတင်းထောက်လှမ်းခြင်းများအပေါ် လူငယ်များ၏ လုပ်ဆောင်လာမှုကို ပြောဆိုခဲ့ပါသည်၊ တစ်ဆက်တည်းမှာပဲ မျိုးဆက်သစ်များကို အဆက်မပြတ် ပညာသင်ကြားပေးသော အခြေခံအဖွဲ့အစည်းများဖြစ်ရန် တိုက်တွန်းခဲ့ပါသည်။ ယင်းအဖွဲ့အား အဓိကတိုက်တွန်းခဲ့သည့်အချက်မှာ မျှော်လင့်ခြင်း၊ အမှန်တရားနှင့် အစွန်အဖျားအပယ်ခံဘဝများကို ပိုမို သတိရှိဖို့ တိုက်တွန်းခဲ့ပါသည်။

**အစွန်အဖျားအပယ်ခံဘဝများ**

သတင်းများများထွက်ရှိသော ကြီးမားသည့် နေရာဌာနများ ရှိကြသော်လည်း ဝေးလံခေါင်းဖျားနေရာများတွင် နေထိုင်ကြသောသူတို့၏ ဘဝအသက်ရှင် နေထိုင်ကြရပုံတွေကိုလည်း ဘယ်သောအခါမှမမေ့ကြဖို့ ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ်မှ ပြောဆိုခဲ့ပါသည်။

တခါတရံမှာ ၎င်းတို့ရဲ့ဘဝတွေဟာ ဆင်းရဲမွဲတေမှုနှင့် အောက်ဆုံးသို့ရောက်ရှိနေခြင်း၊ ဒုက္ခခံနေရခြင်းတွေ ဖြစ်နေတတ်ကြောင်း၊ တခါတရံမှာလည်း သူတို့ရဲဘဝတွေဟာ စည်းလုံးကြံ့ခိုင်မှု၏ စံပြအကြောင်းအရာများဖြစ်နေတတ်ပြီး ၎င်းဟာ လူတိုင်းလူတိုင်းကို အမြင်သစ်ကို ရရှိဖို့ ကူညီပေးနိုင်ပါတယ်။

**အမှန်တရား**

သတင်းထောက်တစ်ဦးအနေဖြင့် အလွန်သတိထားရမည့်အရာကတော့ သဘောတရားအတွေးအမြင်တွေနှင့် စိတ်ဝင်စားမှုရှိသည့် အရာများကိုသာဖေါ်ဆောင်သည့် ထောင်ချောက်ထဲမကျအောင် သတိထားရပါမည်။ အရာရာလျှင်မြန်လာတဲ့ ယနေ့ခေတ်ကြီးမှာ သေချာစုစောင်းပြီး နှိုက်နှိုက်ချွတ်ချွတ်လေ့လာဖို့၊ ရဲရဲဝံ့ဝံ့ရင်ဆိုင်ဖို့နှင့် တစ်ဦးတစ်ယောက် အဖွဲ့အစည်းတခုကို ထိခိုက်နစ်နာစေမဲ့အရာတွေမှာ နှုတ်ဆိတ်နေတတ်ဖို့ အလွန်လိုအပ်ပါတယ်။ ဒီအလုပ်ဟာ ခက်ခဲတဲ့ အလုပ်တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအရာက ကျွန်တော်တို့ကို ရဲရင့်လာဖို့ ရှေ့ဖြစ်လာမည့်အရာကို ဖော်ပြပေးခြင်းတို့မှာ ကူညီတဲ့အရာဖြစ်လာပါတယ်။

**မျှော်လင့်ခြင်း**

ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ်မှ သတင်းထောက်တစ်ယောက်အနေနဲ့ မိမိ၏ တာဝန်ဝတ္တရား ကျေပွန်ဖို့ရန်အတွက် အဖြစ်ပျက်တခုကို အသေးစိတ် ပြောပြနိုင်ယုံလောက်နှင့်မကျေနပ်သင့်ပါ၊ ၎င်းဟာ စိတ်ပျက်အားငယ်နေသော၊ ဆင်းရဲမွဲတေပြီး အောက်ဆုံးကျနေသော အခြေအနေများကို လူသိရှင်ကြားဖော်ထုတ်ရင်း မျှော်လင့်ခြင်းအတွက် မေးခွန်းတွေကို နည်းလမ်း ထုတ်ပေးတဲ့နေရာ ဖြစ်ရပါမည်။ သတင်းထောက်တစ်ယောက်ဟာ လူအများအတွက် လွတ်မြောက်ရာ၊ လူ့ဘဝအဓိပ္ပါယ်ဖော်ဆောင်ခြင်း၊ မျှော်လင့်ခြင်းအတွက်လမ်းဖွင့်ပေးခြင်းအတွက် ခေါ်ဆောင်ခံရသော ဘဝဖြစ်ပါသည်။

ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ်မှ Biagio Agnes အဖွဲ့၏ စီမံကိန်းအပေါ် ဆေးသိပ္ပံဆိုင်ရာခေါင်းစဉ် တိကျမှန်ကန်သော သတင်းတို့ဖြင့် proliferation of "do-it-yourself" သတင်းတို့နှင့် သိပ္ပံပညာထက်လူတို့အားဆွဲဆောင်နေသော မသဲမကွဲသတင်းများကို ပြန်လည်တုန့်ပြန်ရန် စူးစမ်းရှာဖွေခြင်း ရည်ရွယ်ချက်အပေါ် အသိအမှတ်ပြုဖော်ပြခဲ့ပါတယ်။

ဘာသာပြန်ဆိုသူ Fr. Peter Kyi Maung

# အာဏာမက်သည့်စိတ်များ မရှိရန် ကာဒီနယ်အသစ်များအား မှာကြား



ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ဇွန်လ ၂၈ ရက်နေ့တွင် စိန့်ပီတာ ဗိမာန်တော်ကြီးအတွင်း၌ ကာဒီနယ် အသစ် ၁၄ ပါးအား အဆောင်ယောင်များအပ်နှင်းခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။

ထိုအခမ်းအနားတွင် ပုပ်ရဟန်းမင်းကြီးအရှင်မြတ် က ရှင်မာကု ဧဝံဂေလိကျမ်းပိုဒ် ၁၀း၃၁-၄၅ ကို ကိုးကားပြီး ကာဒီနယ်အသစ်များအား ခရစ်တော်ကိုသာ အာရုံပြုရန် မိမိဂုဏ်ကို ဖေါ်လိုသော စိတ်ထားများမှရှောင်ရှားကြရန်မှာကြားခဲ့သည်။

တပည့်တော်ကြီးများသည် အရှေ့တွင်သွားနေသော ခရစ်တော်ကို မမြင်တော့ဘဲ မိမိကိုယ်ကို အာရုံထားသောအခါ သူတို့နှလုံးသားအတွင်းမှ ဂုဏ်မက်သည့်စိတ်များ၊ မနာလိုခြင်းများ၊ မိမိနှင့် မတန်သော အရာကို ရယူရန် အပေးအယူလုပ်လိုစိတ်များ ထွက်ပေါ်လာကြောင်း ထောက်ရှုခဲ့သည်။

တပည့်တော်ကြီးများကဲ့သို့ ငါတို့အထဲတွင် မည်သူသည် သာ၍ ကြီးမြတ်သနည်းဆိုသည့် မေးခွန်းများဖြင့် ရှုတ်ထွေးမနေကြရန် သတိပေးခဲ့သည်။ စစ်မှန်သော အာဏာဆိုသည်မှာ အစေခံရန် တပါးသူ၏ ခြေရင်းတွင် ထိုင်နေခြင်းမှ မွေးဖွါးလာသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို တပါးသူထက် ပိုကြီးမြတ်သည်ဆိုသည့် စိတ်ထားမျိုး မထားရှိသင့်ပါ။ မည်သည့်အခါမျှ သူတပါးအား အထင်သေးသော အကြည့်မျိုးဖြင့် မကြည့်မိစေရန် သတိပြုဖို့လိုသည်။ "သင်တို့အထဲတွင် အကြီးမြတ်ဆုံး ဖြစ်လို သူသည် အခြားသူများအား အစေခံရမည်" ဆိုသည့် စာကြောင်းကို ကျွန်ုပ်တို့နေစဉ် ရွတ်ဆိုရမည်။

အသင်းတော်အတွင်း၌ အာဏာဆိုသည်မှာ တပါးသူ၏ ဂုဏ်သိက္ခာကို ကာကွယ်ခြင်း၊ သူတို့၏ ဒဏ်ရာများကို ကုသပေးခြင်း၊ ပျက်စီးသွားသော မျှော်လင့်ခြင်းကို ပြန်လည်း ရယူပေးခြင်း ဖြစ်သည်။

ကားတိုင်ပေါ်တွင် ဦးညွှတ်ကာ အသေခံခဲ့သော ခရစ်တော်သည် မိမိခေါင်းကို ညွှတ်ကာ တပည့်တော်ကြီးများ၏ ခြေကို ဆေးခဲ့သည်။ ထိုနမူနာမှာ ယနေ့ ကာဒီနယ်ကြီးများ ရရှိသည့် အာဏာဖြစ်ကြောင်း သတိပေးစကားဖြင့် အဆုံးသတ်ခဲ့သည်။

ထုံးတမ်းစဉ်လာအရ ကာဒီနယ်များကို ဘာသာဝင်ဦးရေများသော မြို့ကြီးများမှ ခန့်အပ်လေ့ရှိသော်လည်း ယခုခန့်အပ်သော ကာဒီနယ်များမှာ ဘာသာဝင်ဦးရေနည်းပြီး သေးငယ်သော ဒေသများမှ ဖြစ်သည်။

Ref: Vatican News

# ကက်သလစ် မစ်ရှင်မှ စီစဉ်သော ကာဒီနယ် ချားလ်စ်ဘို၏ ဩစတြေးလျ ခရီးစဉ်




ကာဒီနယ် ချားလ်စ်ဘိုသည် ဩစတြေးလျနိုင်ငံ ကက်သလစ်မစ်ရှင်၏ ဖိတ်ခေါ်မှုဖြင့် အလှူရှင်များ၊ ဘုန်းတော်ကြီးများ ဆရာတော်ကြီးများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဟောပြောသက်သေခံခြင်း နှင့် ကျေးဇူးတင်ခြင်းများ ပြုလုပ်နိုင်ရန် ဩစတြေးလျသို့ ၁၄ ရက်တာ သွားရောက်ခဲ့သည်။ ခရီးစဉ်ကို ဇွန်လ ၉ ရက်နေ့တွင် စတင်ခဲ့ပြီး ဆစ်ဒနီမြို့၊ မယ်လ်ဘုန်းမြို့ နှင့် ပါ့သ် မြို့များသို့ သွားရောက်ခဲ့သည်။ ခရီးစဉ် အတွင်း ရန်ကုန်ဂိုဏ်းချုပ်သာသနာ၏ ဘဏ္ဍာရေးမှူး ဖါသာ နိဝယ် စောနော်အေးလည်း အတူ လိုက်ပါသွားခဲ့သည်။

ခရီးစတင်မထွက်ခွါမီ ကာဒီနယ်က "ဒီခရီးစဉ်က ရန်ကုန်တစ်ခုတည်း အတွက် မဟုတ်ပါဘူး။ သာသနာ တော်တော်များများမှာ ဩစတြေးလျ ကက်သလစ်မစ်ရှင်က ကူညီထောက်ပံ့ထားတာတွေ ရှိတယ်။ ဒါတွေအတွက် အလှူရှင်တွေကို ကျေးဇူးတင်ဖို့နဲ့ ဆက်ပြီး ကူညီဖို့ လိုအပ်တာတွေ ဆောင်ရွက်ပေးဖို့ သွားရတာပါ" ဟု ရှင်းပြခဲ့သည်။

ကက်သလစ် မစ်ရှင်သည် ကမ္ဘာတဝှမ်းရှိ နွမ်းပါးသော ကက်သလစ် အသင်းတော်များအား ကူညီ ထောက်ပံ့လျက်ရှိသည်။ မြန်မာနိုင်ငံအတွက် ရဟန်းဖြစ် သင်ကျောင်းများ၊ ပညာရေး နှင့် ကျန်းမာရေး ကဏ္ဍများတွင် ကူညီပေးနေသည်။

ကာဒီနယ်၏ ဟောပြောခြင်းများသည် ဇွန်လ ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၁၀း၃၀ နာရီတွင် ဆစ်ဒနီမြို့ရှိ ကာသီဒြယ် ကျောင်းတော်ကြီးတွင် မစ္ဆားပူဇော်ခြင်းဖြင့် စတင်ခဲ့သည်။ ထိုရက် နေ့လည်ပိုင်းတွင် ဆစ်ဒနီရှိ မြန်မာ ကက်သလစ်များနှင့် တွေ့ဆုံခဲ့သည်။

ဇွန်လ ၁၂ ရက်နေ့တွင် ဘုရတ်ကင်းဘေးမှ ဘုန်းတော်ကြီးများညီလာခံနှင့် တွေ့ဆုံကာ နံနက် ၉း၃၀ နာရီမှ ၁၂ နာရီအထိ ဟောပြောခြင်း မေးခွန်းများအား ပြန်လည်ဖြေကြားခြင်းများ ပြုလုပ်ခဲ့သည်။

ထိုနေ့ ညနေတွင် ကက်သလစ် မစ်ရှင်၏ တွဲဖက်ဖြစ်သော ဩစတြေးလျ ကက်သလစ် တက္ကသိုလ်တွင် ကျောင်းသားကျောင်းသူများအား မိန့်ခွန်းပြောကြားပြီး မေးခွန်းများအား ပြန်လည်ဖြေကြားခဲ့သည်။

ထို့အတူ ဇွန်လ ၁၃ ရက်နှင့် ၁၄ ရက်များတွင်လည်း ဆစ်ဒနီမြို့ရှိ ရှေ့နေများအသင်းအား မိန့်ခွန်း ပြောကြားခြင်းနှင့် ဆွေးနွေးခြင်းများ၊ ဩစတြေးလျ ကရဏာအသင်းနှင့် တွေ့ဆုံခြင်း၊ အလှူရှင်များအား ကျေးဇူးတင် ခြင်းတို့ ပြုလုပ်ခဲ့ပြီး ရေဒီယိုနှင့် ရုပ်သံ ဌါနများနှင့်လည်း တွေ့ဆုံ မေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။

ဇွန်လ ၁၅ ရက်မှ ၁၇ ရက်အထိ မယ်လ်ဘုန်းမြို့တွင် နျူးမန်းတက္ကသိုလ်၌ ဆွေးနွေးပွဲများ၊ မြန်မာ ကက်သလစ်များနှင့် တွေ့ဆုံခြင်း၊ စိန်ဖရန်စစ် ဘုရားကျောင်းတွင် မစ္ဆားပူဇော်ခြင်း၊ တွေ့ဆုံ မေးမြန်းခြင်းစသည်တို့ ပြုလုပ်ခဲ့သည်။

ဇွန်လ ၁၈ ရက်မှ ၂၁ ရက်အထိ ပါ့သ်မြို့တွင် ဟောပြောပွဲများ၊ မြန်မာ ကက်သလစ်များနှင့် တွေ့ဆုံခြင်း၊ ရဟန်းဖြစ်သင်ကျောင်းသားများနှင့် တွေ့ဆုံခြင်း၊ ရုပ်သံတင်းဌါန များနှင့် တွေ့ဆုံခြင်းများ ပြုလုပ်ခဲ့သည်။

"ခရီးစဉ်ရဲ့ အစီအစဉ်က ဩစတြေးလျ ကက်သလစ်တွေနဲ့ မြန်မာပြည် ကက်သလစ်တွေကို ရင်းနှီးစေတဲ့သဘောပါ၊ ကာဒီနယ်လ်က မြန်မာပြည်ရဲ့ ပထမဆုံးဖြစ်တယ်၊ မြန်မာပြည်ကို ပုပ်ရဟန်းမင်းကြီးလာလည်သွားတာရဲ့ နောက်ဆက်တွဲထူးခြားဖြစ်စဉ်တွေလည်း သူတို့ သိချင်တယ်။ အဲ့ဒီတော့ကာဒီနယ်ကြီးကိုယ်တိုင်ပြောတာကို သူတို့ နားထောင်ချင်တယ်။ ခရီးစဉ်က ရက်ရှည်ပြီး တော်တော် ပင်ပန်းပေမယ့် အကျိုးရှိတဲ့ ခရီးစဉ်တစ်ခုပါ" ဟု ကာဒီနယ်အတူ လိုက်ပါသွားခဲ့သော ဖါသာစော နော်အေးက ပြောပြခဲ့ပါသည်။

CBCM-OSC



# အခြေခံသမ္မာကျမ်းစာသင်တန်း

ရန်ကုန် ဂိုဏ်းချုပ်သာသနာ၏ အခြေခံသမ္မာကျမ်းစာတော်မြတ်သင်တန်း (အမှတ်စဉ် ၁၉)ကို မန်ကျဦးကွင်းကျေးရွာတွင် ဇွန်လ ၄ ရက်မှ ၈ ရက်အထိ (၅) ရက်ကြာကျင်းပခဲ့ပါသည်။

သင်တန်းကို ရန်ကုန် ဂိုဏ်းချုပ် သာသနာ ကျမ်းစာတော်မြတ် တာဝန်ခံ ဘုန်းတော်ကြီး ပီတာထွန်းထွန်းနှင့် အတူ မန်ကျည်းကုန်းကျောင်းထိုင် ဘုန်းတော်ကြီး Fr. Pius Win Ko နှင့် လက်ထောက်ဘုန်းတော်ကြီး Fr. Augustine တို့မှ ဦးဆောင်ပေးခဲ့ပါသည်။

ဘာသာဝင်များအကြား သမ္မာကျမ်းစာတော်မြတ်အကြောင်း ပိုမိုသိရှိလာစေရန်၊ ကျမ်းစာတော်မြတ်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဘဝ တစ်သက်တာကို ကောင်းစွာ နေထိုင်နိုင်ကြရန် စသည့် ရည်ရွယ်ချက်များဖြင့် ယခုသင်တန်းကို ကျင်းပခဲ့ခြင်း ဖြစ်ပြီး ယခုသင်တန်းတွင် ပါဝင်တက်ရောက်သူ (၃၀) ဦးရှိခဲ့သည်။

OSC (Yangon)



# ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး သင်တန်းကျင်းပ

ဘာသာပေါင်းစုံပါဝင်သော ဘာသာတရားအချင်းချင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲနေ ထိုင်ရေးသင်တန်းကို ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ကျောင်းတိုက်တွင် ဇွန်လ ၁၁ ရက်မှ ၁၈ ရက်အထိ (၈) ရက်တာကျင်းပပြုလုပ်ခဲ့ပါသည်။

ထိုနီးနှောဖလှယ်ပွဲတွင် ပုသိမ်ဆရာတော်ကြီး ဂျွန်မန်းဆိုန်းဟိုး၊ မြစ်ကြီးနား ဆရာတော်ကြီး ဖရန်စစ်ဒေါ်တန်၊ မန္တလေးဂိုဏ်းချုပ်ဆရာတော်ကြီး (ငြိမ်း) ပေါလရောင်၊ ရန်ကုန် ဂိုဏ်းချုပ် လက်ထောက်ဆရာတော် ဂျွန်စောယောဟန်တို့၊ ကက်သလစ်ရဟန်းတော် အပါး (၂၀) ခန့်နှင့်အတူ ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်များလည်းများ တက်ရောက်ခဲ့ကြသည်။

နီးနှောဖလှယ်ပွဲတွင် ဘာသာတရားတစ်ခုစီ၏ ကျင့်စဉ်များ၊ တရားတော်များကို အချင်းချင်း ဝေမျှခဲ့ပေးခဲ့ကြပြီး၊ ဗဟုသုတများ၊ အတွေးအမြင်များနှင့် ပတ်သက်ပြီး ဆွေးနွေးဝေငှခဲ့ကြသည်။ ထိုနီးနှောဖလှယ်ပွဲတွင် ချစ်ကြည်ရင်းနှီးမှုအမှတ်တရအဖြစ် သစ်ပင် (၄၀) ကျော် အတူတကွစိုက်ပျိုးခဲ့ကြသည်။

OSC (Yangon)

# မန္တလေးကက်သလစ် ဂိုဏ်းချုပ်သာသနာပိုင် ဆရာတော်ကြီး နီကောလာစ်မန်ထန်း၏ သက်တော်(၇၅)နှစ်ပြည့်နှင့် ရဟန်းဝါတော်(၄၅)နှစ်ပြည့်အခမ်းအနားကျင်းပခြင်း

မန္တလေး ကက်သလစ် ဂိုဏ်းချုပ် သာသနာပိုင် ဆရာတော်ကြီး နီကောလာစ်မန်ထန်း၏ ရဟန်း ဝါတော် (၄၅)နှစ်ပြည့် ဂျူဗလီအခမ်းအနားကို ချင်းပြည်နယ် မင်းတပ်မြို့ ယေရှုးရွှေနှလုံးတော် စီရင်စု တွင် မေလ (၂၉)ရက်နေ့က ကျင်းပခဲ့ပါသည်။

ဆရာတော်ကြီးသည် မေလ(၂၈)ရက်နေ့က မန္တလေးမြို့မှ ချင်းပြည်နယ် မင်းတပ်မြို့သို့ မန္တလေး သာသနာမှ ဘုန်းတော်ကြီးအချို့နှင့်အတူ ရောက်ရှိလာခဲ့ပါသည်။ ဆရာတော်ကြီးနှင့် ဘုန်းတော်ကြီးများအား ကျောင်းထိုင် ဘုန်းတော်ကြီးနှင့် ဘာသာတူများက ချင်းရိုးရာဓလေ့အတိုင်း ရိုးရာအကများဖြင့် ဧည့်ခံကာ ကြိုဆိုခဲ့ကြပါသည်။

အဲ့ဒီနောက် ဆရာတော်ကြီးမှ ဘာသာတူများအား နှုတ်ခွန်းဆက်စကားကို ပြောကြားခဲ့ပြီး ဇပဟိုကျောင်း တိုက်သစ်အား ကောင်းချီးပေးကာ ဖွင့်လှစ်ပေးခဲ့ပါသည်။

မေလ(၂၉)ရက်နေ့ နံနက်ပိုင်းတွင် မင်းတပ်ချင်းရိုးရာ ဓလေ့ထုံးစံအတိုင်း နွားနောက်ပူဇော်ပွဲ တော်ကို ကျင်းပခဲ့ပါသည်။ နွားနောက်(၈)ကောင်မှာအသီးသီး၏ ရည်ရွယ်ချက်များနှင့် ကျေးဇူးတင်ခြင်း ဖြင့် ပွဲရှင်နှင့် အလှူရှင်များက ပူဇော်အပ်နှံထားသည့် နွားနောက်များဖြစ်ပါသည်။

နွားနောက်ပူဇော်ခြင်းတွင် ဆရာတော်ကြီး နီကောလာစ်မန်ထန်းက ယခုလိုလည်း မြွက်ကြား ခဲ့ပါသေးသည်။ "နွားနောက်တွေကို ကြည့်မယ်ဆိုရင်တော့ သနားစရာလို့ မြင်ရ မှာပါ။ဒါပေမယ့် သခင်ခရစ် တော်ဟာလည်း ကျွန်ုပ်တို့ လူသားတွေအတွက် အသေခံခဲ့တာကိုလည်း ပြန်လည် အောက်မေ့ကြည့်ရမယ်။ ဒါကြောင့် နွားနောက်တွေကို မြင်ရတာ စိတ်မကောင်းပေမယ့်လည်းပဲ သူတို့လဲ ခုလို ပွဲတော်မှာ ပါဝင်တာဟာသနာအတွက် တစ်ဘက်တစ်လမ်းက ကြည့်မယ်ဆိုရင်ဘုရားသခင်အတွက် သာသနာပြုတဲ့နေရာ မှာ နစ်နာမှုတွေအများကြီးရှိတယ်။ သခင်ယေရှုးဟာ လောကကြီး အတွက်အသေခံသလိုသူတို့ လည်းပဲအသေခံရတယ်။ဒါပေမယ့်လည်းအခုလိုကောင်းချီးပေးခြင်းအားဖြင့် ဘုရားသခင်ရဲ့ ကောင်းချီး မင်္ဂလာကိုခံခြင်းအားဖြင့်သခင်ခရစ်တော်အတွက် ကျွန်ုပ်တို့လည်း ဒီနွားနောက်တွေလို ပါဝင်ရမှာပါ။ဒါ ကြောင်မို့လို့ ကျွန်ုပ်တို့ရဲ့ ဘဝဟာ လောကကြီးမှာ ထာဝရ တစ်သတ်ပတ်လုံးနေရမှာ မဟုတ်ဘူး။ တစ်ချိန်မှာ ဘုရားသခင်အတွက် လာတဲ့လမ်းရှိသလို ပြန်တဲ့ လမ်းလဲရှိတယ်။ ဒါကြောင့်အဲဒီ အပြန်လမ်း မှာကျွန်ုပ်တို့ ဘုရားသခင်နဲ့ ထာဝရတည်နေနိုင်ဖို့ ထာဝရအသက်ရှင်ခြင်း ရယူဖို့က အဓိပ္ပာယ်ရှိပါတယ်။ ဒါကြောင့်မို့ နွားနောက်တွေကို ပူဇော်တာ ရက်စက်မှုလို့ ပြောရင်လဲ မှန်ပေမယ့် လူတွေအတွက် သူတို့လဲ အနစ်နာခံရတယ်။ ထိုနည်းတူစွာ ခရစ်တော်က ကျွန်ုပ်တို့အတွက် ကယ်တင်ခြင်းကို အသေခံပြီးမှ ပေးတယ်ဆိုတဲ့ သင်္ကေတလဲ ပါတယ်။ ဒါကြောင့်မို့ ကျွန်ုပ်တို့ လူသားတွေကလဲ လောကမှာ ထာဝရ နေဖို့ မဟုတ်ဘဲနဲ့



ကောင်းကင်နိုင်ငံကိုသွားရမယ်။ ခရစ်တော်နဲ့ ပေါင်းစည်းရမယ်ဆိုတဲ့ အနက်အဓိပ္ပာယ်ကို ဖော်ဆောင်တာဖြစ်တယ်။ လူတွေအနေနဲ့လည်း ဘုရားသခင်ရဲ့ မေတ္တာကို နားလည်သဘောပေါက်ပြီး အနစ်နာခံရမယ်။ ကိုယ့်ရဲ့ လူမျိုး၊ နိုင်ငံတော်နဲ့ သာသနာအတွက် အားလုံးဟာ အနစ်နာခံ ၊အသေခံရမှာ ဖြစ်တယ်။ နွားနောက်တွေကိုကြည့်ခြင်းအားဖြင့် ခရစ်တော်ဟာ အသေခံခဲ့သလို ကျွန်ုပ်တို့ဟာလည်း ဘုရားသခင်အတွက် အနစ်နာခံရမယ်။ဒါမှလဲ ရှင်ပြန်ထမြောက်ခြင်းဖြင့် ကောင်းကင်နိုင်ငံရောက်မယ်။ ဒါကြောင့်မို့ ဒီဂျူဗလီပွဲမှာ ကျွန်ုပ်တို့နဲ့ ထပ်တူထပ်မျှ နားလည်နိုင်လောက်တဲ့ သင်ခန်းစာတွေကို ရယူနိုင်ပါတယ်။" ဟု ဆိုကာ နွားနောက်များအားကောင်းချီးမင်္ဂလာပေးခဲ့ပါသည်။ အဲ့ဒီနောက်ရိုးရာခေါင်းအိုးများကိုလည်း ကောင်းချီး ပေးခဲ့ပါသည်။

ညနေပိုင်းတွင် ဂျူဗလီ မစ္ဆားတရားတော်မြတ်ကို ကျင်းပ ပူဇော်ခဲ့ပါသည်။ မစ္ဆားတရားတွင် ကလေးသာသနာမှ ဆရာတော်ကြီး Felix Lain Khen Thang, တောင်ကြီး သာသနာမှ ဆရာတော်ကြီး မာတီးယားဦးရွှေနှင့်အနယ်နယ်အရပ်ရပ်ရှိ ဂိုဏ်းအသီးသီးမှ ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ကိုရင်များနှင့် ဓမ္မမိတ်ဆွေများပါဝင်ခဲ့ကြပါသည်။

ဂျူဗလီ မစ္ဆားတရားတော်မြတ်ကို ကျင်းပရာတွင် မွန်ဆီညော် ပေါ်လီနူးစ် မာန်ဟာဂေ (ပျံလွန်) ၏ ရဟန်း ဝါတော် (၄၅) ဝါ၊ ပြင်သစ် သာသနာပြု ဘုန်းတော်ကြီး Fr. Frunel ၏ ပျံလွန်တော်မူခြင်း နှစ်(၅၀) တို့ကိုပါ အတူတကွ အောက်မေ့ကာ ပူဇော်ကျင်းခဲ့ခြင်းဖြစ်တယ်လို့လည်း သိရှိရပါသည်။

မစ္ဆားတရားတော်မြတ်ကို ဆရာတော်ကြီး နီကောလာစ်မန်ထန်းမှ ဦးဆောင်ကာ ကျင်းပ ပူဇော်ခဲ့ပါသည်။ ဆရာတော်ကြီးမှ ဩဝါဒပေးရာတွင် "ယနေ့ခေတ်မှာတော့ အမည်အမျိုးမျိုးတပ်ပြီးဂျူဗလီပွဲတော်ကိုကျင်းပကြပါတယ်။ ကျွန်ုပ်တို့ ဘာသာတူများရဲ့ ဂျူဗလီလုပ်တဲ့ ခံစားချက်ကတော့ ဘုရားသခင်ဟာ အမြဲတမ်း ပစ္စုပ္ပန်ကာလ မှာရှိတယ်။ ဒါကြောင့် ဂျူဗလီကို အမြဲတမ်း ကျင်းပနေရမှာဖြစ်တယ်။ ဂျူဗလီရဲ့ အဓိပ္ပာယ်ဟာ ဝိညာဉ်တော်ဘုရား ဘိတ်သိတ်မင်္ဂလာပေးထားသည့် ခမည်းတော်ဘုရား စေလွှတ်လိုက်သော မက်စီယား ခရစ်တော်သခင်ကို အမြဲတမ်း ဘာပဲလုပ်လုပ် လမ်းညွှန်ပြီးမှ သူ့ရဲ့ အင်အားဖြင့် လုပ်ဆောင်နိုင်တဲ့၊လုပ်ဆောင်ရတဲ့ အခွင့်အရေးဟာဂျူဗလီပါပဲ။ ဒါကြောင့် ဂျူဗလီလို့ သတ်မှတ်မယ်ဆို ရင်တော့ သခင်ဘုရား ပေးထားတဲ့ နေ့ထူးနေ့မြတ်နေ့ကို ကျင်းပတာပဲဖြစ်တယ်။ ဘုရားသခင်ပေးတဲ့ ကျေးဇူးဟာ အကန့်အသတ်မရှိဘူး။ လူသားအားလုံး အခြေခံရက်ဟူသမျှ ရရှိခံစားရတဲ့၊ဖြတ်သန်းရတဲ့နေ့အချိန်ဟာ ကျွန်ုပ်တို့ ဂျူဗလီကို ကျင်းပ နေခြင်းပဲဖြစ်တယ်။ ယခုလို (၂၅)နှစ်တွေ၊ (၇၅) နှစ်တွေ ကျင်းပနေပေမယ့် နေ့စဉ်ဟာ ဘုရားသခင်ရဲ့ကျေးဇူးတော်၊ ဘုရားသခင်ရဲ့ ခွင့်လွှတ်ခြင်းကို ဖော်ပြနေတဲ့ လူသားတွေဖြစ်တဲ့အတွက် နေ့တိုင်းဂျူဗလီကို ကျင်းပနေခြင်းပဲဖြစ်တယ်။ဂျူဗလီနှစ်သည် စကြာဝဠာတစ်ခုလုံးကို ဖန်ဆင်းပြီး အုပ်စိုးပိုင်သတော်မူသော ဖန်ဆင်းရှင် ဘုရားသခင်နှင့် အထူး ဆက်နွယ်နေတယ်။ လူသားတို့၏ ငြိမ်းချမ်းသာယာခြင်း၊ တိုးတက်ခြင်း၊ ပျော်ရွှင်ခြင်းတို့အတွက် အလိုရှိနေသောဘုရားသခင်၏ အလိုတော်ဆန္ဒအတိုင်း လူသားများ အားလုံးကြိုးစားအားထုတ်ပေးရမယ့် တာဝန်ရှိတယ် ဆိုတာကို သတိပေးချင်ပါတယ်။ ဒါကြောင့် ဂျူဗလီရယ်လို့ ဖြစ်လာပြီဆိုရင် ကျွန်ုပ်တို့ရဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတို့မှာ တတ်အားသရွေ့ ပါဝင်ဖို့ ကြိုးစားဖို့ ဘုန်းတော်ကြီးများ သီလရှင်များနှင့် ဓမ္မဆရာများအပါအဝင် ခေါ်တော်မူခြင်းမှာ ဘုရားသခင်ရဲ့အလိုဆန္ဒကို လိုက်နာဖို့လို အပ်တယ်။ဘုရားသခင်ရဲ့ခေါ်တော်မူခြင်းကို ကောင်းမွန်စွာကျင်းပဖို့အတွက် နှိုးဆော်ပေးတဲ့ နေ့ထူး နေ့မြတ်ဖြစ်တယ်။" ဟုဆိုကာ ဂျူဗလီနေ့ရောက်လျှင် သတိရသင့်သည့်အရာများကို မြွက်ကြား ခဲ့ပါသည်။

အဲ့ဒီနောက် မစ္ဆားတရားအပြီးတွင် ဂျူဗလီရှင် ဆရာတော်ကြီးအား ဂုဏ်ပြုခြင်းအစီအစဉ်ကို ပြုလုပ်ခဲ့ပါသည်။ စိန်ထရေဇားသီလရှင်အသင်းဂိုဏ်းမှ သီလရှင်များက ဂျူဗလီရှင် ဆရာတော်ကြီး အတွက်ဂုဏ်ပြုသြဘာစာကို ဖတ်ကြားခဲ့ပါသည်။ အဲဒီနောက် လူငယ်တစ်ဦးမှလည်း မင်းတပ်ချင်း စကားဖြင့် အဖဆရာတော်အတွက် ဂုဏ်ပြုသြဘာစာကို ဖတ်ကြားခဲ့ပါသည်။

အဲ့ဒီနောက် ဂျူဗလီကိတ်ကို ဆရာတော်သုံးပါးလုံးမှ စုပေါင်းခွဲကာ ဂျူဗလီမစ္ဆားတရားတော်မြတ်ကို ကျင်းပ ပြီးစီးခဲ့ပါသည်။

Pinky (MDY-OSC)

# မန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာပိုင် ဆရာတော်ကြီးနီကောလားစ်မန်ထန်းလက်တော် မှ Little Way အသင်းဝင် ရဟန်းသစ်တစ်ပါး ထာဝရ ရဟန်းသိက္ခာခံယူ

စိန်ထရေဇားလမ်းစဉ်သွယ် သာသနာပြု အသင်းဂိုဏ်းဝင်အဖြစ် ဦးပဥ္စင်းကြီး ယောဟန်လောကီးသည် ထာဝရ ရဟန်းသိက္ခာကို မန္တလေးကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ကြီး နီကောလားစ်မန်ထန်း လက်တော်မှ မေလ (၃၀)ရက်တွင် ခံယူခဲ့ခြင်းဖြစ်သည်။

၎င်း၏ ရဟန်းသိက္ခာတင်အခမ်းအနားကို ဇာတိမြို့ဖြစ်သောချင်းပြည်နယ်၊ မင်းတပ်မြို့ ယေရှုးရွှေနှလုံးတော် ဘုရားကျောင်းတွင်ကျင်းပပြုလုပ်ခဲ့ပြီး မန္တလေးကက်သလစ် ဂိုဏ်းချုပ် ဆရာတော်ကြီး နီကောလားစ်မန်ထန်း၊ ကလေး ဂိုဏ်းအုပ်သာသနာမှ ဆရာတော်ကြီး ဖဲလစ်လျန်ခင်းထန်၊ တောင်ကြီးသာသနာမှ ဆရာတော်ကြီး မာတီးယားဦးရွှေ၊ နှင့် အနယ်နယ်အရပ်ရပ်ရှိ ဂိုဏ်းအသီးသီးမှဘုန်းတော်ကြီး များ၊ သီလရှင်များ၊ ကိုရင်များ၊ ဓမ္မမိတ်ဆွေများနှင့်ဆွေမျိုး များပါဝင်ဆုတောင်းပေးခဲ့ကြသည်။

ဦးပဥ္စင်းကြီး၏ မိဘနှစ်ပါးသည် ယုံကြည်သူကက်သလစ် ဘာသာဝင်များမဟုတ်သည့်တိုင် သားသမီး (၇)ဦး ရှိသည့် အနက် ပဥ္စမမြောက်သားရတနာကို ဘုရားသခင်အားဆက်ကပ်ပေးသည့်အတွက် အလွန်အင်မတန် ကြည်နူးစရာနေ့ တစ်နေ့ဖြစ်ကြောင်း၊ ဆက်လက်ပြီး ခေါ်တော်မူခြင်းကိုအဆုံးတိုင်လျှောက်လှမ်းနိုင်ရန် ဝိုင်းဝန်းဆုတောင်းပေးကြဖို့ လို

စာမျက်နှာ ၁၁ သို့

# တောင်ငူသာသနာကျေးကတောတိုက်နယ်တွင် ပထမအကြိမ်မြောက် လူငယ်များဝတ်စောင့်ခြင်းနှင့် အစည်းအဝေးပွဲကျင်းပ



တောင်ငူသာသနာ၊ ကျေးကတောတိုက်နယ်တွင် ထမအကြိမ်လူငယ်များဝတ်စောင့်ခြင်းခြင်းနှင့်အစည်းအဝေးကိုမေလ (၂၅) ရက်မှ (၂၈)ရက်အထိ ကျေးကတော့မြို့သစ်တွင်ကျင်းပခဲ့ပါသည်။

၎င်းဝတ်စောင့်ခြင်းနှင့် အစည်းအဝေးတွင် သမ္မာကျမ်းစာ ပလ္လင်တင်ခြင်း၊ ကိုယ်တော်မြတ်ဖူးမျှော်ခြင်း၊ မယ်တော်၏ဝမ်းနည်းခြင်းခုနစ်ထွေအကြောင်းထောက်ရှုခြင်း၊ ပုတီးစိပ်ခြင်းနှင့် မွန်္စားတရားတော်မြတ် တင်ပူဇော်ခြင်းပြုလုပ်ခဲ့ကြပြီး ဘုန်းတော်ကြီး Egedio ကျော်ဝင်း၊ သီလရှင် ရာကေးလယ်အားပိုင်၊ သီလရှင်ပိုင်ရီမားနာနှင့် လူငယ်ခေါင်းဆောင်သုံးဦးတို့မှ ဝေမျှပို့ချပေးခဲ့ကြသည်။

သင်တန်းနှင့် အစည်းအဝေးတွင် ကျေးရွာအသီးသီးရှိ ဓမ္မဆရာများနှင့်လူငယ် (၇၀) ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။

SR.ပိုင်ရီမားနာ(ISR)

# စိန့်ဂျွန်းကွန်ဗင့်ကျောင်းတော်၏ ငွေစင်ဂျူဘီလီနှင့်အတူဆပ်ဖြေခြင်းသီလရှင် သုံးပါး၏ ငွေစင်ဂျူဘီလီတို့ အတူကျင်းပ



တောင်ငူသာသနာ၊ ဆပ်ဖြေခြင်းသီလရှင် အသင်းဂိုဏ်း၏ စိန့်ဂျွန်းကွန်ဗင့်ကျောင်း ၂၅ နှစ်ပြည့်ဂျူဘီလီပွဲတော်နှင့်သီလရှင် (၃)ပါး၏ ငွေစင်ဂျူဘီလီပွဲတော်ကို မေလ ၂၄ ရက်ကကျင်းပခဲ့ပါသည်။

ဂျူဘီလီပွဲတော် ကျေးဇူးတင်မွန်္စားတရားတော်မြတ်ကို တောင်ငူမြို့ထီးနီကုန်းရပ်ကွက်ရှိ (၂၅)နှစ်ပြည့် ဂျူဘီလီပွဲခံ စိန့်ဂျွန်းကျောင်းတော်အတွင်း၌ ကျင်းပပြုလုပ်ခဲ့ပြီး ဂိုဏ်းအုပ်ဆရာတော်ကြီး အိုက်ဇက်ဓါနက ဦးဆောင်ပေးခဲ့သည်။ မွန်္စားတရားမစတင်မီ ဆရာတော်ကြီး အိုက်ဇက်ဓါနနှင့် အသင်းဂိုဏ်း၏ ဒေသဆိုင်ရာ အကြီးအကဲဖြစ်သူ Mr. Christina Ah La နှင့် Mr. ဂေါ်ရတီတို့မှ ဂျူဘီလီပွဲတော်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဆရာတော်မှ ဂျူဘီလီအထိမ်းအမှတ် ရုပ်ထုများကို ကောင်းချီးပေးခဲ့သည်။ ထို့နောက် ဆရာတော်နှင့်အတူရဟန်းတော် (၁၉) ပါးတို့သည် မွန်္စတရားတော်မြတ်ကို ဦးဆောင်ပူဇော်ခဲ့ကြကာ သီလရှင်များနှင့် ဘာသာဝင် (၅၀၀) ခန့်ပါဝင်ဆုတောင်းပေးခဲ့ကြသည်။

ကျောင်းတော်ကြီးနှင့်အတူ (၂၅) နှစ်ပြည့် ငွေစင်ဂျူဘီလီခံသီလရှင်းများမှာ အသင်းဂိုဏ်းအကြီးအကဲဖြစ်သော Rev. Mr. Christina Ah La၊ လိပ်သိုမှ Superior Mr. Benedeth Pe Pe နှင့် ထီးနီကုန်းကျောင်းမှ Sr. Maria Pho Hla တို့ ဖြစ်ကြသည်။

ဒက်ဖူးမယ်(ISR)


# ရင်ခွင်မဲ့ ကလေးသူငယ်များ ပြုစုပျိုးထောင်ခြင်း (၂၅) နှစ်ပြည့် ဂျူဘီလီ

တောင်ငူမြို့ရှိ ဆပ်ဖြေခြင်းသီလရှင်အသင်းဂိုဏ်းမှ ရင်ခွင်မဲ့သားသမီးများပြုစုပျိုးထောင်ရေးဂေဟာ (စိန့်အန်ထော်နီကွန်ဗင့်ကျောင်း) ဖွင့်လှစ်ခြင်း (၂၅)နှစ်ပြည့် ဂျူဘီလီပွဲတော်မွန်္စားတရားတော်မြတ်ကို ဇွန်လ ၁၃ ရက် နံနက်ကကျောင်းဝန်းအတွင်းဟောကြားခဲ့ပါသည်။

ဂျူဘီလီ ကျေးဇူးတင်မွန်္စားတရားတော်မြတ်ကို တောင်ငူဂိုဏ်းအုပ်ဆရာတော်ကြီး အိုက်ဇက်ဓါနမှ ဦးဆောင်ကာ ရဟန်းတော် (၁၀) ပါးနှင့်အတူ ဟောကြားပေးခဲ့ပြီး၊ သီလရှင်နှင့် ဘာသာဝင်များ ပါဝင်ဆုတောင်းပေးခဲ့ကြသည်။ မွန်္စားတရားတော်မြတ်အပြီးတွင် စစ္စတာရဲ အိုလိဗီယာနုနုခိုင်မှ ကျောင်း၏သမိုင်းအကြောင်းကို ဖတ်ကြားပေးပြီးကျောင်းတာဝန်ခံ Superior Mother ကလဲမင်တီးနာမာလာမှ ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။ ကြွရောက် ဆုတောင်းအားပေးကြပါသော ဆရာတော်၊ ရဟန်းများ၊ သီလရှင်များ၊ ကိုရင်များ၊ အလှူရှင်များနှင့် ဘာသာတူများ (၅၀၀)ဦးခန့်ရှိပါသည်။ ဒက်ဖူးမယ်(ISR)



# တောင်ငူသာသနာ စိန့်ဗင်းဆင်းဒီပေါလ်အသင်း (၆)လပတ် တွေ့ဆုံခြင်းနှင့် ဂရုဏာလေးလှုပ်ရှားမှု



တောင်ငူသာသနာ ၊SSVP စိန့်ဗင်းဆင်းဒီပေါလ်အသင်း၏ (၆) လပတ်တွေ့ဆုံ ဆွေးနွေးခြင်းကို ဇွန်လ(၁၇)ရက်က ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲသို့ တောင်ငူသာသာ စိန့်ဗင်းဆင်းဒီပေါလ်အသင်းဥက္ကဌ ဒေါ်နော်မန်းမေ၊ ဝိညာဉ်ရေးလမ်းညွှန် ဘုန်းတော်ကြီးအဖြစ် လိပ်သိုတိုက်နယ်ကျောင်းထိုင် Rev. Fr. Daniel အာခိုး၊ SR. မြတ်နှင်းနွယ်၊ မိတ်သလင်တောင်တိုက်နယ်ကွန်ဖရင့်ဥက္ကဌ၊ လိပ်သိုကွန်ဖရင့်ဥက္ကဌနှင့်အဖွဲ့ဝင်များ၊ ဇလဲကွန်ဖရင့်ဥက္ကဌနှင့်အဖွဲ့ဝင်များ၊ ကျေးမင်းကွန်ဖရင့်နှင့်အဖွဲ့ဝင်များ၊ သံတောင်ကွန်ဖရင့်လူငယ်နှင့်ရွှေညောင်ပင်လူငယ်တို့ ပါဝင်တက်ရောက်ကြသည်။ ဆွေးနွေးပွဲအပြီးတွင် ဆွေးနွေးပွဲတက်ရောက်သူများလိုက်ပါလျှက် လိပ်သိုမြို့နေ သက်ကြီးလူနာဦးဆန်တို ထံသို့သွားရောက်ကာ ဗိုးချဲ၊ အာဟာရအစားအစာများနှင့် အလှူငွေများသွားရောက်လှူဒါန်းခဲ့ပြီး ၎င်း၏ကျန်းမာရေးအတွက် စုပေါင်းဆုတောင်းပေးခဲ့သည်။ ထို့နောက် ၎င်းကျေးရွာ၌ပင် တက္ကသိုလ်ဝင်တန်းကိုထူးချွန်စွာအောင်မြင်ခဲ့သော ညီမလေးနော်ရဲလားအားဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့ကြသည်။ လိပ်သိုမြို့နေဦးအာဘူသမီးတက္ကသိုလ်ဝင်တန်းထူးချွန်အောင်မြင်ခဲ့သောညီမလေး မြပုလဲခင်မှလည်း SSVPအသင်းထံ ဆင်းရဲချို့တဲ့သောလူနာများအတွက်အလှူတော်ငွေ သုံးသောင်းကျပ် ပါဝင်လှူဒါန်းခဲ့ပြီးလှုပ်ရှားမှုတွင်ပါဝင်ခဲ့သူများ(၇၀)ဦးရှိပါသည်။ ဒက်ဖူးမယ်(ISR)

# တောင်ကြီးဂိုဏ်းချုပ်သာသနာတွင် ခိုလမ်တိုက်နယ်သစ်ဖွင့်လှစ်

တောင်ကြီး ဂိုဏ်းချုပ် သာသနာ၊ လွိုင်လင်ဖုံရှိ ခိုလမ်တိုက်နယ်သစ်ဖွင့်ပွဲကို မေလ ၁၄ ရက်ကကျင်းပပြုလုပ်ခဲ့ပါသည်။

ဖွင့်ပွဲ မစ္ဆားတရားတော်မြတ်ကို တောင်ကြီးဂိုဏ်းချုပ် ဆရာတော်ကြီး ဘာဆီးလျို အားသိုက်မှ ဦးဆောင်ပူဇော်ပေးခဲ့ပြီး မစ္ဆားတရားတော်အတွင်း Fr-Joseph ကျော်အား ခိုလမ် တိုက်နယ်သစ်အတွက် ကျောင်းထိုင် ဘုန်းတော်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး ကိုယ်တော်မြတ် ဗိမ္မာန်တော်၏ သော့ကို အပ်နှင်းခဲ့ပါသည်။





ခိုလမ် တိုက်နယ်သစ်တွင် ပြောကြားခဲ့သော ဆရာတော် ဘာဆီးလျို အားသိုက်၏ ဩဝါဒတွင် "ခိုလမ်တိုက်နယ်သစ် ဖွင့်လှစ်နိုင်ခြင်းဟာ ဆရာတော်ဖွင့်ခိုင်းလို့ ဖွင့်ရတာမဟုတ်ပါဘူး ဘုရားသခင်၏ စီမံခြင်းကြောင့်သာ ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ထို့ကြောင့် တိုက်နယ်တိုးတတ်ဖွံ့ဖြိုးစေရန် ခိုလမ်တိုက်နယ်ရှိ ဘာသာတူများ ကြိုးစားဖို့လိုအပ်ကြောင်း" ဘာသာဝင်များနှင့် ကျောင်းတိုင်ဘုန်းတော်ကြီးအသစ်အား မိန့်ကြားခဲ့ပါသည်။

ခိုလမ်တိုက်နယ်သစ် ဖွင့်ပွဲအခမ်းအနားကို ဂိုဏ်းချုပ်ဆရာတော်ဘာဆီးလျို အားသိုက်နှင့်အတူ ဘုန်းတော်ကြီး(၁၄)ပါး၊ ဦးပဇ္ဇင်းကြီး(၃)ပါး၊ Srများနှင့် ဘာသာတူ (၁၀၀)ခန့် တတ်ရောက်ခဲ့ကြသည်။ ခိုလမ်တိုက်နယ်သစ်သည် တောင်ကြီးဂိုဏ်းချုပ်သာသနာ၏ (၁၄)ခုမြောက် တိုက်နယ်ဖြစ်ပြီး ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် လေးနှစ်ကျော်ကာလအတွင်း ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

ခိုလမ်တိုက်နယ်တွင် ဘာသာတူ အိမ်ခြေ ၂၅ အိမ်ကျော်ရှိပြီး လားဟူနှင့် ကယန်းလူမျိုး အများစု နေထိုင်ကြသည်။ တိုက်နယ်သစ် ဖွင့်လှစ်ခြင်းဖြင့် ဘာသာတူ ညီအစ်ကို မောင်နှမများ၏ ဝိညာဉ်ရေးသာမက ပညာရေး၊ လူမှုရေးများကိုပါ တိုးတက်ဖွံ့ ဖြိုးလာစေမည် ဖြစ်သည်။

OSC - TGI, LU JAR

# စိန့်မိုက်ကယ်ဘုရားကျောင်း (၂၅) နှစ်ပြည့် ငွေစင် ဂျူဘီလီပွဲတော်နှင့် ဖာတီမာမယ်တော်ပွဲကျင်းပ





တောင်ကြီး ဂိုဏ်းချုပ်သာသနာ၊ ညောင်သုံးပင် ကျေးရွာရှိ စိန့်မိုက်ကယ် ဘုရားရှိခိုးကျောင်း (၂၅)နှစ်ပြည့် ငွေစင်ဂျူဘီလီနှင့် ဖာတီမာမယ်တော်သခင်မပွဲတော်တို့အားမေလ ၁၂ ရက်နှင့် ၁၃ ရက်တို့က ကျင်းပပြုလုပ်ခဲ့ပါသည်။

မေလ ၁၂ ရက် ညနေ ၅ နာရီတွင် တောင်ကြီးဂိုဏ်းချုပ် ဆရာတော်ကြီး ဘာဆီးလျိုအားသိုက်မှ စိန့်မိုက်ကယ် ဘုရားကျောင်း၏ (၂၅) နှစ်ပြည့် အထိမ်းအမှတ်ကျောက်ပြားအား ကောင်းချီးမင်္ဂလာရေပက်ဖြန်းပေးခဲ့ကာ ဂျူဘီလီပွဲတော်ကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုက်နယ် ဘာသာတူများမှ ဆရာတော်၊ ရဟန်းသီလရှင်များနှင့် ဧည့်သည်များအား ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီးညပိုင်းတွင် အဆို၊ အကများဖြင့် ဖျော်ဖြေခဲ့ကြသည်။

နောက်တစ်ရက် မေလ ၁၃ ရက် နံနက် ၉ နာရီခွဲတွင် တောင်ကြီးဂိုဏ်းချုပ် ဆရာတော် ဘာဆီးလျို အားသိုက်နှင့်အတူ ဘုန်းတော်ကြီး (၁၂)ပါး ခြံရံကာ ဖာတီမာ မယ်တော်သခင်မပွဲတော် မစ္ဆားတရားတော်မြတ်ကို ပူဇော်ပေးခဲ့သည်။

မစ္ဆားတရားတော်မြတ် အပြီးတွင် ဧည့်သည်တော်များအား နေ့လည်စာဖြင့် တည်ခင်း ဧည့်ခံခဲ့ပြီး ညနေ ၄ နာရီခွဲတွင် ကျောင်းထိုင်ဘုန်းတော်ကြီး Fr.Mario Nyi Lon မှ ဦးဆောင်ပြီး မယ်တော်ဆင်းတုတော်ကို ကျေးရွာအတွင်း လှည့်လည်ကာ စိပ်ပုတီးစိပ်ခြင်း၊ ကောင်းချီးပေးခြင်းများ ပြုလုပ်ခဲ့သည်။

ဂျူဘီလီ ပွဲတော်သို့ ဂိုဏ်းချုပ် ဆရာတော်ကြီးနှင့်အတူ ဘုန်းတော်ကြီး ၁၃ ပါး၊ ကိုရင်၊ သီလရှင် ၁၈ ပါးနှင့် ဘာသာတူ ၂၀၀ ကျော် ပါဝင်စုတောင်းခဲ့ကြသည်။

Taungyi - OSC

# ရဟန်းမင်းကြီးဆိုင်ရာသာသနာပြု ကလေးသူငယ်များသင်တန်းကို တောင်ကြီးဖုံနှင့် လွိုင်ကော် ဖုံတို့တွင် ကျင်းပ

တောင်ကြီးဂိုဏ်ချုပ်သာသနာ၏ ရဟန်းမင်းကြီး ဆိုင်ရာသာသနာပြု ကလေးသူငယ်များ သင်တန်းကို တောင်ကြီးဖုံနှင့် လွိုင်လင်ဖုံတို့တွင် မေလ ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

သင်တန်းတွင် သာသနာပြု ကလေးသူငယ်များ အကြောင်း သိကောင်းစရာများ၊ ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာ၊ အခြေခံကျန်းမာရေး၊ လိမ္မာယဉ်ကျေး၊ ပညတ်တော် (၁၀)ပါး၊ စုပေါင်းဆုတောင်းခြင်း စသည့်အကြောင်းအရာများ ပို့ချပေးခဲ့ပြီးသီချင်း၊ အက၊ တီထွင်ကြံဆ ကစားနည်းများဖြင့် ပြိုင်ပွဲများလည်းကျင်းပပေးခဲ့သည်။



၄င်းသင်တန်းတွင် တောင်ကြီး သာသနာပြုကလေးများတာဝန်ခံ ဒါရိုက်တာ Rev.Fr. ဂျိုဝါးနီမောင်နီ၊ Rev.Fr. Tarcisio ကျော်အေး၊ တောင်ငူသာသနာပြု ကလေးများတာဝန်ခံ Sr.ဘက်နက်ဒက်မြတ်နှင်းနွယ်(ISR)၊ Bro.လေအို၊ Sr. Judith (စေတမန်သီလရှင်အသင်းဂိုဏ်း)၊ Sr.Angela (မြော်မြင်ခြင်းသီလရှင်အသင်းဂိုဏ်း)၊ Sr.ဂျူးဂျူး (ကရုဏာရေး သီလရှင်အသင်းဂိုဏ်း)၊ ဆရာမ ဒေါ်အက်လစ္စဘက်နှင့် ဆရာမ ဒေါ်ဘယ်ရောနီကာတို့မှ ပါဝင်ပို့ချပေးခဲ့ကြပြီး သာသနာဗဟို အမာခံလူငယ်များပါဝင်ကူညီပံ့ပိုးပေးခဲ့သည်။

သင်တန်းတွင် ကလေးသူငယ်(၃၀၈)ဦးပါဝင်တက်ရောက်ခဲ့ကြပါသည်။

ဒက်ဖူးမယ်(ISR)

# ပုသိမ်မြို့ စိန့်ပီတာနေ့ အထူးကျောင်း၏ ၂၀၁၈- ၂၀၁၉ပညာသင်နှစ် ကျောင်းဖွင့်ပွဲအခမ်းအနား

ပုသိမ်မြို့ စိန့်ပီတာကယ်သီဒြယ် ကျောင်းဝန်းတွင် ဖွင့်လှစ်ထားသော စိန့်ပီတာ နေ့အထူးကျောင်း၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန်လ ၁၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ပြီး ပုသိမ်ဂိုဏ်းအုပ် ဆရာတော်ကြီး ဂျွန်မန်းဆိန်းဟို ကိုယ်တိုင် ကြွရောက်ဖွင့်လှစ်ပေးခဲ့သည်။



ဖွင့်ပွဲအခမ်းအနားကို ဆရာတော်ကြီးနှင့်အတူ ဘုန်းတော်ကြီး Henry၊ စိန့်ပီတာ နေ့အထူးကျောင်း၏ ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်တွင် သင်ကြားပို့ချပေးကြမည့် ဆရာ/ ဆရာမများ ပါဝင်တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် အဖွင့်မေတ္တာကို Sr. Kenvin မှ ဦးဆောင်ပေးခဲ့ပြီး ဆရာတော်ကြီးမှ ဘုန်းတော်ကြီး၊ သီလရှင်များ၊ ဆရာ/ ဆရာမများကိုပညာရေးအတွက် အကောင်းဆုံး ကြိုးစားကြရန်နှင့် ဆင်ခြင် လိုက်နာရမည့် အရာများကို လမ်းညွှန်မှာကြားခဲ့သည်။ ထို့နောက် ဘုန်းတော်ကြီး Henry အိုင်ခလိန်၊ ဆရာမကြီး ဒေါ်ကော်ရယ်၊ ဆရာကြီး ဦးမောင်မောင်စိုးတို့မှ ကျောင်းသား/သူများကို အားပေး စကား များ အသီး သီးပြော ခဲ့သည်။

ယခု ပညာသင်နှစ်တွင် ကျောင်းသား/သူ ၃၃ ယောက် တက်ရောက်ပညာသင်ကြားလျှက်ရှိပြီး ၎င်းတို့ကို ဆရာ/ ဆရာမ(၇)ယောက်က သင်ကြားပေးမည်ဖြစ်သည်။

စိန့်ပီတာ နေ့အထူးကျောင်း၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဆယ်တန်းဖြေဆိုကြသော ကျောင်းသား/သူ ၂၀ ယောက်ရှိသည့်အနက် ၁၁ ယောက် အောင်မြင်ခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ၅၅% ရှိခဲ့သည်။

စိန့်ပီတာ နေ့အထူးကျောင်းသည် ကျောင်းတက်ရန် အခက်အခဲအမျိုးမျိုးဖြင့် ရင်ဆိုင်နေရသည့် ကျောင်းသား/ သူများ၊ နှစ်ကျ ကျောင်းသား/ သူများကို အထူးသဖြင့် လက်ခံသင်ကြားပေးသော ကျောင်းဖြစ်သည်။

Pathein-OSC

# စိန့်ဗင်းဆင်းဒီပေါလ်အသင်း ပြည်တော်ကောင်စီ ဥက္ကဌ၊ အလုပ်မှုဆောင်အဖွဲ့ နှင့် ပုသိမ်သာသနာ နယ်အသီးသီးမှ ဥက္ကဌများ တွေ့ဆုံ

စိန့်ဗင်းဆင်းဒီပေါလ်အသင်း ပြည်တော်ကောင်စီဥက္ကဌ၊ အလုပ်မှုဆောင်များ နှင့် ပုသိမ်သာသနာ နယ်အသီးသီးမှဥက္ကဌများတွေ့ဆုံပွဲကို မေလ ၁၉ ရက် နံနက်ပိုင်းက ပုသိမ်မြို့စိန့်ပီတာ ဘုရားကျောင်းအတွင်းရှိ သာသနာ့ခန်းမဆောင်တွင် ပြုလုပ်ခဲ့သည်။

ဘုန်းတော်ကြီး ဖရန်စစ်မှ အဖွင့်မေတ္တာဖြင့် တွေ့ဆုံပွဲကို စတင်ဖွင့်လှစ်ပေးခဲ့ပြီး ပေါက်ဆိန်ပဲ့သာသနာ ဥက္ကဌ ဦးမင်းမင်းစိုးမှ သမ္မာကျမ်းစာ ဖတ်ရှုဝေမျှပေးခဲ့ကာ အဖွဲ့သားများမှ ဓမ္မသီချင်းဖြင့် သီဆို၍ ဘုရားသခင်၏ ဘုန်းဂုဏ်တော်အား ချီးမွမ်းခဲ့ကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများအချင်းချင်း မိတ်ဆက်ပေးခဲ့ကြပြီး ဝိညာဉ်လမ်းညွှန် ဘုန်းတော်ကြီး မွန်စီညော်ဝီးဖရက်မြင့်စိုး၊ စိန့်ဗင်းဆင်းဒီပေါလ်အသင်း ပုသိမ်သာသနာဥက္ကဌနှင့် ပြည်တော်ကောင်စီဥက္ကဌသစ်တို့မှာ မိတ်ဆက် အမှာစကား အသီးသီးပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်ပါဝင်သော သာသနာနယ် အသီးသီးမှ အသင်းခေါင်းဆောင်များက ၎င်းတို့၏လုပ်ဆောင်ချက်၊ လိုအပ်ချက်များကို ပြည်တော်ကောင်စီဥက္ကဌအား တင်ပြဆွေးနွေးခဲ့ကြပြီး ကောင်စီဥက္ကဌမှ အကြံဉာဏ်နှင့် အားပေးစကားများ ပြန်လည်ပြောကြားခဲ့သည်။

နန့်ဂျူလိုင်အေး



## ပုသိမ်သာသနာမှ Social Communication Store ဖွင့်ပွဲ

ပုသိမ်သာသနာမှ လူထု ဆက်သွယ်ရေး ရုံး၏ စတိုးဆိုင် (Social Communication Store) ကို ယနေ့နံနက် ၉ နာရီတွင် အဖဆရာတော် ဂျွန်မန်းဆိန်းဟို မှ ကောင်းချီးပေး ဖွင့်လှစ်ခဲ့ပါသည်။




ဤစတိုးဆိုင်မှ လူထုဆက်သွယ်ရေးနှင့်ဆိုင်သော ဝန်ဆောင်မှုများကို ရယူသူများအတွက် အလွယ်တကူ ဆက်သွယ်နိုင်ရန်နှင့် ရရှိသော ဝင်ငွေဖြင့် သာသနာအတွင်း လူထုဆက်သွယ်ရေးလုပ်ငန်းများတွင် ထည့်ဝင်သုံးနိုင်ရန် ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒါရိုက်တာ ဘုန်းတော်ကြီး ဝီလျံစိုးမှ စတိုးဆိုင်လေး ဖြစ်နိုင်ရေးအတွက်ပံ့ပိုးခဲ့ကြသူများအား ကျေးဇူးတင်စကားပြောကြားခဲ့သည်။



# ရဟန်းသီလရှင်များ လစဉ် ဥပုဇ်သီလဆောက်တည်ခြင်း

ဖယ်ခုံ ကက်သလစ် ဂိုဏ်းအုပ်သာသနာအတွင်းရှိ ဖယ်ခုံ၊ မိုးဗြဲ၊ ကုန်းသာ၊ လယ်ထွန်၊ လွယ်ယင်းမင်္ဂလာနှင့် နန့်ပေါ်လုံ တိုက်နယ်များတွင် သာသနာအမှုတော်ကို ထမ်းဆောင်နေသောရဟန်း၊ သီလရှင်နှင့် ကိုရင်များ၏ လစဉ်ဝတ်စောင့်ခြင်းကို ဇွန်လ ၁ ရက်က ပြုလုပ်ကျင်းပခဲ့သည်။

ဝတ်စောင့်ခြင်း အခမ်းအနားကို ဖယ်ခုံသာသနာ ဘုရားဖူး ဗဟိုနေရာဖြစ်သော ဂျေရောဗလို ဆုတောင်းပြည့် မယ်တော်ဂူတွင် ပြုလုပ်ခဲ့ပြီး ဇဝံဂေလီကြယ်တော် ရဟန်းဖြစ်သင်ကျောင်းမှ ဝိညာဉ်လမ်းညွှန် ဘုန်းတော်ကြီး မိုင်ကယ်မှ သူတော်စင် ဘဝကျင့်စဉ်များနှင့် ပတ်သက်ပြီး ပို့ချပေးခဲ့သည်။

၎င်း၏ပို့ချချက်တွင် "ကျွန်ုပ်တို့တတွေ၏ခန္ဓာကိုယ်သည် ဘုရား၏ သန့်ရှင်းသောဗိမ္မာန်တော် ဖြစ်သောကြောင့် သူတော်စင်တွေဖြစ်ကြသော ရဟန်း၊ သီလရှင်နှင့် ကိုရင်များတို့သည် ဤကျောင်းတော်ကြီးကို သန့်ရှင်းစင်ကြယ်အောင် ထားရှိရမည်။ ဤခက်ခဲလှတဲ့ ဒီသန့်ရှင်းခြင်းခရီးစဉ်ကိုယုံကြည်ခြင်းနှင့် လျှောက်လှမ်းသွားဖို့လိုအပ်ကြောင်း" လမ်းညွှန်တိုက်တွန်းခဲ့သည်။

ထို့နောက် တရားထိုင်ခြင်းနှင့်တစ်နာရီကိုယ်တော်မြတ် ဖူးမျှော်ခြင်းကို ဖယ်ခုံ ဂိုဏ်းအုပ်ဆရာတော်ကြီးနှင့် ဘုန်းတော်ကြီးများသီလရှင်များ၊ ကိုရင်များ၊ ဘာသာတူများ အားလုံးအတွက်နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရရှိရန်အတွက် စစ်ဘေးဒုက္ခသည်များအတွက် အထူးတင်ပူဇော်ကာ ဆုတောင်းပေးခြင်းဖြင့်လစဉ် နေ့တစ်ပိုင်းဝတ်စောင့်ခြင်းကို အဆုံးသတ်ခဲ့ကြပါသည်။ ထိုဝတ်စောင့်ခြင်းတွင် ရဟန်း၊ သီလရှင်နှင့် ကိုရင် စုစုပေါင်း (28)ပါးတက်ရောက်ခဲ့ပါသည်။



OSC PEKHON

# သာသနာလုံးဆိုင်ရာကက်သလစ်လူငယ် အခြေခံသမ္မာကျမ်းစာသင်တန်း



ဖယ်ခုံ ကက်သလစ် ဂိုဏ်းအုပ်သာသနာလုံးဆိုင်ရာ အမှတ်စဉ် (၂) အခြေခံသမ္မာကျမ်းစာ သင်တန်းကို မေလ ၂၈ ရက်မှ ဇွန်လ ၁ ရက်အထိဖယ်ခုံတိုက်နယ်ကက်သလစ်ဓမ္မာရုံး၌ ကျင်းပခဲ့သည်။

၎င်း (၅) ရက်တာ သင်တန်းတွင် ကျမ်းစာတော်မြတ်ပုလ္လင်တင်ခြင်း၊ ကျမ်းစာထောက်ရှုခြင်း နှင့် ကျမ်းစာ ဝေမျှခြင်းများကို ပြုလုပ်ခဲ့ကြပြီးတစ်ဦးနှင့် တစ်ဦး ဆုတောင်းပေးခြင်းများ၊ အာပါတ်ဖြေခြင်း၊ ကမ္ဘဌာန်းထိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

သင်တန်းတွင်ဖယ်ခုံဂိုဏ်းအုပ်သာသနာသမ္မာကျမ်းစာ တမန်တော် အဖွဲ့မှ Fr. Roberto Beto၊ Fr.Pasquale Kyaw Sein နှင့် ဆရာမတင်ထိုက်တို့က သမ္မာကျမ်းစာ၏ သိမှတ်ဖွယ်ရာ ဗဟုသုတများကို ဝေမျှပို့ချခဲ့ပြီး စစ္စတာရ်ဘယ်နဒက်နှင့် စစ္စတာရ်ခရစ္စတီးနာစန်းတို့မှ လိုအပ်သည့် အကူအညီများပံ့ပိုးပေးခဲ့သည်။

"ကမ္ဘဌာန်းထောက်ရှုခြင်းတို့လို အတွေ့အကြုံဟာ ငြိမ်းချမ်းပြီး စိတ်ကိုတည်ငြိမ်စေတယ်။ သမ္မာကျမ်းစာဟာ လူသားအားလုံးအတွက် လမ်းခရီး ဖြစ်တယ်၊ သမ္မာတရားလည်းဖြစ်တယ်၊ အသက်လည်း ဖြစ်တယ် ဆိုတာကို ခံစားမိလာတယ်"။ ဟုလူငယ်တစ်ဦးက သင်တန်းတက်ရောက်ခြင်းအတွေ့အကြုံကိုဝေမျှခဲ့သည်။

ယခု သင်တန်းကို တက်ရောက်ခြင်းအားဖြင့် ၎င်း၏ရှေ့ဆက်ဘဝခရီးတွင် ဘုရားသခင်၏ နှုတ်တော်ထွက်စကားကို အစဉ်ဖတ်ရှုပြီး ခရစ်တော်၏ အကြောင်းကို ဝေမျှ သက်သေခံသွားပြီး သမ္မာကျမ်းစာတော်၌ အသက်တာကို နေထိုင်ကျင့်ဆောက်တည်သွားမည်ဖြစ်ကြောင်း ဆီဆိုင်တိုက်နယ်မှ ပါဝင်တက်ရောက်သူ မမူ့ရီတာ မေသန်းက ဆိုသည်။

သင်တန်းဆင်း မွန်မြတ်သောတရားတော်မြတ်အပြီးတွင် သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး အချင်းချင်းအပြန်အလှန်သက်သေခံခဲ့ကြသည်။ ယခုသင်တန်းတွင် ဖယ်ခုံ ကက်သလစ် ဂိုဏ်းအုပ်သာသနာအတွင်းရှိ တိုက်နယ်အသီးသီးမှ လူငယ် (၃၂) ဦးပါဝင်တက်ရောက်ခဲ့ပါသည်။

အိုမို(ဖယ်ခုံ)

စာမျက်နှာ ၇ မှ အဆက်



အပ်ကြောင်း၊ မိဘတိုင်း မိမိသားသမီးများခေါ်တော်မူခြင်းခံရဖို့အထူးဆုတောင်းပေးကြဖို့ လိုအပ်ကြောင်း၊ လူတိုင်းလူတိုင်းသည် ရဟန္တာဖြစ်နိုင်ကြောင်း၊ ဘုရားသခင်သည် မေတ္တာစေတနာ ကြီးမားကြောင်း၊ မိသားစုများအနေဖြင့် အားရစရာကောင်းလောက်အောင် အသင်းတော်ကြီးထဲတွင် မိသားစုထဲမှ ဘုရားသခင်၏ကိုယ်စား၊ ကိုယ်ပွားမွေးထုတ်နိုင်ခြင်းမှာ ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း ဂိုဏ်းချုပ်ဆရာတော်ကြီး နီကောလားစ်မန်ထန်းက သိက္ခာတင် အခမ်းအနားတွင် မြွက်ကြားခဲ့သည်။

ဥပဥ္စင်းကြီး၏မိဘနှစ်ပါးမှာ ကက်သလစ်ဘာသာဝင်များမဟုတ်သည့်တိုင် ၎င်းတို့၏သားရတနာမကိုကက်သလစ်ရဟန်းတစ်ပါးအဖြစ်ထာဝရ ရဟန်းသိက္ခာကို ခံယူခွင့်ပေးသည့်အတွက် အလွန် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ဆရာတော်ကြီးမန်ထန်းကဆိုသည်။

သိက္ခာခံယူပြီး ရဟန်းသစ်ဖြစ်လာသော ဘုန်းတော်ကြီး ယောဟန်လောကီးမှ ကျေးဇူးတင်စကားပြောကြားရာတွင် အဖဘုရားသခင်၊ အမိမယ်တော်၊ ရဟန္တာယောဟန်နှင့် ရဟန္တာမလေး စိန်ထရေဇာတို့ကို ကျေးဇူးတင်ကြောင်း၊ ၎င်းတို့ကိုယ်တိုင်မှာ ကက်သလစ်ဘာသာဝင်များမဟုတ်သည့်တိုင် ကက်သလစ်ရဟန်းတစ်ပါး ပြုလုပ်ရန်ခွင့်ပြုပေးခဲ့ကြသည့် မိဘနှစ်ပါးနှင့် ညီအစ်ကိုမောင်နှမဆွေမျိုးသားချင်းများအားလည်း အထူးပင် ကျေးဇူးတင်ကြောင်း၊ နှင့်ရဟန်းတစ်ပါးဖြစ်လာရန် အဖက်ဖက်မှပိုင်းဝန်းကူညီပံ့ပိုးပေးသူများနှင့် ဆုတောင်းပေးကြသူများအားလုံးနှင့် ရဟန်းသိက္ခာကို တင်ပေးခဲ့သော ဆရာတော်ကြီးများနှင့် ယေဇူးရွှေနှလုံးတော်စီရင်စုမှ ပွဲဖြစ်မြောက်ရေးအတွက်နေ့မအားညမနားကြိုးစားကာ လုပ်အားပေးခဲ့ကြသော ကျောင်းထိုင်ဘုန်းတော်ကြီးနှင့်တကွ ဘာသာတူ မိတ်ဆွေများအားလုံးနှင့် ကျေးဇူးရှင်များအားလုံးအား ကျေးဇူးတင်ကြောင်း မြွက်ကြားခဲ့သည်။

ဘုန်းတော်ကြီး ယောဟန်လောကီးကို အဖဦးအိန်မလွန် အမိဒေါ်ထန်းယောင်တို့မှ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့တိုက်နယ် အမှတ်(၂) ယောချောင်းတိုက်နယ် ခွန်းသာရွာတွင် မွေးဖွားခဲ့ပါသည်။ မွေးချင်းညီအစ်ကိုမောင်နှမ (၇) ခုနှစ်ဦးရှိသည့်အနက် ပဉ္စမမြောက်သားရတနာဖြစ်ပါသည်။ (၂၀၁၈)ခုနှစ်၊ မတ်လ(၁၉)ရက်နေ့က တောင်ကြီးဂိုဏ်းချုပ်သာသနာ ဆရာတော်ကြီး ဘာစီးလျှိုအားသိုက်လက်တော်မှ ဦးပဥ္စင်းကြီး သိက္ခာကိုခံယူခဲ့ပြီး ၂၀၁၈ခုနှစ် မေလ ၃၀ ရက်နေ့က မန္တလေး ကက်သလစ်ဂိုဏ်းချုပ်သာသနာပိုင် ဆရာတော်ကြီး နီကောလာစ်းမန်ထန်း လက်တော်မှ ထာဝရ ရဟန်းသိက္ခာကို ခံယူခဲ့ခြင်းဖြစ်ပါသည်။

Pinky ( Mdy-OSC)

# မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ် ၂၀၁၈ ခု ဇွန်လ ၅ ရက်မှ ၉ ရက် အထိ ပြုလုပ်ခဲ့သော စုံညီ အစည်းအဝေး

မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ် ၏ ၂၀၁၈ ခုနှစ် ဒုတိယ နှစ်ဝက် စုံညီ ညီလာခံ အစည်းအဝေးကို ရန်ကုန်မြို့၊ ပြည်လမ်းရှိ အဖွဲ့ချုပ်၏ကျောင်းတိုက်တွင် ဇွန်လ ၅ ရက်မှ ၉ ရက်အထိ ကျင်းပပြုလုပ်ခဲ့ကြသည်။ အစည်းအဝေးကို နေ့စဉ်နံနက် ၆း၃၀ နာရီတွင် မစ္ဆားတော်မြတ်ဖြင့် စတင်ကြပြီး ညနေ ၆ နာရီ တွင် ပြီးဆုံးသည်။ အစည်းအဝေးအတွင်း ဆရာတော်ကြီးများ၏ကော်မရှင် အသီးသီးတို့၏ အစီရင် ခံစာများအား ကြားနာခြင်း၊ လိုအပ်သည်များကို ဆွေးနွေးခြင်း၊ အကြံပြုခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။



ဆရာတော်ကြီးများ၏ အစည်းအဝေးမှ အချို့ကို ကောက်နုတ်ဖေါ်ပြလိုက်ပါသည်။

၁။ ရောမမြို့တွင် ပုပ်ရဟန်းမင်းကြီးအား သွားရောက်တွေ့ဆုံခြင်း ခရီးစဉ်မှ ညွှန်ကြားချက်များကို အကောင်အထည်ဖေါ်ရေးတွင် ကလေးငယ်များအား ကာကွယ်စောင့်ရှောက်ရေး လုပ်ထုံးလုပ်နည်းများကို ၂၀၁၈ ခုနှစ် မကုန်မီ အပြီး ရေးဆွဲကာ သက်ဆိုင် ပုပ်ရဟန်းမင်းကြီး ရုံးတော်များသို့ ပေးပို့ကာ အတည်ပြုချက်ရယူရမည်။

ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ် သာသနာအလိုက် သို့တည်းမဟုတ် နိုင်ငံလုံးဆိုင်ရာ ကက်သလစ် အသင်းတော်၏ တရားစီရင်ရေး ခုံရုံးများ ထားရှိနိုင်ရေးအတွက် ဂိုဏ်းချုပ်ဆရာတော်ကြီး ဖဲလစ် လျှန်းခင်ထန်မှ တာဝန်ယူကာ ကာနွန်ဥပဒေ ဘွဲ့ရထားသော ဘုန်းတော်ကြီးများနှင့်အတူ ဆောင်ရွက်မည်။ လုပ်ငန်းစတင်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၈ခု ဩဂုတ်လ ၁၄ နှင့် ၁၅ ရက်များတွင် ပြုလုပ်မည်။

ရဟန်းဖြစ်သင်ကျောင်းနှင့်၊ ရဟန်းဖြစ် တက္ကသိုလ်များတွင် ရဟန်းဖြစ်သင်ကျောင်းသားများအား ပညာပေး ပုံသွင်း တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ဗာတီကန်မှ ထုတ်ပြန်ထားသော Ratio Fundamentalis လမ်းညွှန်စာအုပ်အား မြန်မာပြည်နှင့် လိုက်လျောညီထွေဖြစ်အောင် လေ့လာပြုစုရမည်။

သူတော်စင်အသင်းဂိုဏ်းများနှင့် အတူ လက်တွဲဆောင်ရွက်ကြရန် တောင်းဆိုချက်ကိုလည်း အမှတ်ရစေခဲ့သည်။

၂။ ရန်ကုန် ရဟန်းဖြစ်တက္ကသိုလ်၏ ဗာတီကန်မှ ထုတ်ပြန်ထားသော Ratio Fundamentalis လမ်းညွှန်စာအုပ်အား အခြေခံကာ ပြုစုထားသော ပညာပေး ပုံသွင်း တည်ဆောက်ခြင်း အစီအစဉ်များကို အတည်ပြုပေးခဲ့သည်။

ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ် သာသနာတိုင်းမှ ဒဿနိကဗေဒ ပညာရပ်အတွက် ပညာတော်သင်များ စေလွှတ်ကြမည်။

၃။ ရဟန်းတော်များ ကော်မရှင်မှ ကြီးမှူးကာ ရဟန်းတော်များအတွက် မွမ်းမံသင်တန်းများ ဆက်လက်လုပ်ဆောင်သွားမည်။ ဩဂုတ်လ ၂၁ မှ ၂၄ ရက် အထိ ဖေါ်ကလားရေ ဝိ ညာဉ်ရေးလမ်းစဉ်ကို ပုသိမ်မရမ်းချောင်တွင်လည်းကောင်း၊ အောက်တိုဘာလတွင် ရဟန်းတော်များမွမ်းမံသင်တန်းကို ၂၀၁၈ ခု အောက်တိုဘာလတွင် ပုသိမ်သာသနာ မရမ်းချောင်းတွင်လည်းကောင်း ပြုလုပ်မည်။

၄။ လူငယ်ကော်မရှင်၏ တာဝန်ခံဘုန်းတော်ကြီးအဖြစ် ဖါသာရ် ဂျိုးဇက် အယ်ကော်ထူးအား ဒုတိယ သုံးနှစ်တာအတွက် ပြန်လည် ခန့်အပ်ခဲ့ပြီး အမှုဆောင်လူငယ်များကိုလည်း အတည်ပြုပေးခဲ့သည်။



၂၀၂၁ ခုနှစ်တွင် လူငယ် နီးနှောဖလှယ်ပွဲကို ကလေးသာသနာတွင် ကျင်းပပြုလုပ်မည်။

၅။ ဘာသာပေါင်းစုံ နီးနှောဖလှယ်ရေး ကော်မရှင်၏ ဦးဆောင်မှုဖြင့် မန္တလေးတွင် သင်တန်းတစ်ခုပြုလုပ်မည်။ ဖေဖေါ်ဝါရီလ ပထမ အပတ်ကို ကမ္ဘာ့ကုလသမ္မဂ္ဂမှ ဘာသာပေါင်းစုံ သဟဇာတဖြစ်ရေး အပတ်အဖြစ် သတ်မှတ်ထားသည်။

ဇွန်လ ၁၀ မှ ၁၆ ရက်အထိ အဆင့်မြင့်ငြိမ်းချမ်းရေး လေ့ကျင့်ခန်းကို ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ကျောင်းတိုက်တွင် ကျင်းပပြုလုပ်မည်။

၆။ ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ ကော်မရှင်မှ ပြင်ဆင်ထားသော မစ္ဆားပူဇော်ခြင်းဝိနည်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂ ရက်၊ အာဒ်ဝင်တူးကာလ ပထမ တနင်္ဂနွေနေ့မှ စတင် အသုံးပြုမည်။

၇။ သမ္မာကျမ်းစာ ကော်မရှင်၏ ကြိုးပမ်းမှုဖြင့် စင်္ကာပူနိုင်ငံတွင် ရောက်နေသော လူငယ်တစ်ဦး၏ အကူအညီဖြင့် ကက်သလစ် မြန်မာကျမ်းစာကို ဖုန်းဖြင့် ဖတ်ရှုနိုင်မည့် အက်ပလီကေးရှင်းပြုလုပ်မည့် စီမံကိန်းကို သဘောတူ အတည်ပြုခဲ့သည်။

၈။ လူထုဆက်သွယ်ရေးကော်မရှင်သည် စတူဒီယို စတင်ဖွင့်သည့်အချိန်က ထားရှိသည့် ရည်ရွယ်ချက်များကို ဖေါ်ဆောင်ရန် တာဝန်ယူမှု တာဝန်ခံမှု အပြည့်ရှိရမည်။

သတင်းထုတ်ပြန်ခြင်း၊ ကက်သလစ် စာပေဖွံ့ဖြိုးရေးနှင့် ကက်သလစ်ဂီတ ဖွံ့ဖြိုးရေးများ ဆက်လက်လုပ်ဆောင်မည်။

ခရစ်ယာန်များ တလုံးတဝတည်း ဖြစ်ရေး ကော်မရှင်၊ ပညာရေး ကော်မရှင်၊ ကျန်းမာရေး ကော်မရှင်၊ ရွှေ့ပြောင်းနေထိုင်သူများနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး ကော်မရှင်၊ မိသားစုနှင့် သာမန်ဘာသာဝင်များ ကော်မရှင် တို့မှလည်း အစီရင်ခံစာများ တင်သွင်းခဲ့ကြသည်။ ဆရာတော်ကြီးများမှ ပြန်လည် ဆွေးနွေးခြင်း လုပ်ငန်းစဉ်များအား အတည်ပြုပေးခြင်း စသည်တို့ လုပ်ဆောင်ခဲ့ကြသည်။

ဆရာတော်ကြီးများ အဖွဲ့ချုပ်၏ လမ်းညွှန်မှုအောက်တွင် ရှိသော မျိုးကြဲသူရုံး၊ အာစီပါ (AsiPA) ရုံး၊ ပုပ်ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြုရုံး၊ ဘဏ္ဍာရေးရုံး စသည်တို့မှလည်း တနှစ်တာ လုပ်ဆောင်ချက်များအပေါ် အစီရင်ခံခြင်း၊ ရှေ့လုပ်ငန်းစဉ်များတင်ပြခြင်းများ ပြုလုပ်ခဲ့ကြသည်။

မြန်မာနိုင်ငံကက်သလစ် သူတော်စင်များ အဖွဲ့ချုပ်၏ တင်ပြချက်အရ အသင်းတော်ကောင်းကျိုးအတွက် လက်တွဲဆောင် ရွက်နေကြသော သာသနာပြုများအကြား အပြန်အလှန် ဆက်သွယ်ရေး အကြောင်း ဆွေးနွေးခဲ့ကြသည်။ သူတော်စင်အဖွဲ့ချုပ်မှ တင်ပြသော



ကလေးသူငယ်များနှင့် ထိခိုက်လွယ်သော လူကြီးများအား ကာကွယ်စောင့်ရှောက်ရေး မူကြမ်းကို အတည်ပြုပေးနိုင်ရေးအတွက် တင်ပြခဲ့ကြသည်။

MIFF မြန်မာပြည် ပုံသွင်းဆောက်တည်သူများအား တည်ဆောက်ပေးသော ဌါနမှလည်း သူတို့၏ လုပ်ငန်းစဉ်များ၊ မူများအကြောင်းကို လာရောက်တင်ပြခဲ့သည်။ နှစ်စဉ် နွေရာသီပိတ်ရက်များအတွင်း တစ်လတာ အနီးကပ်သင်တန်းကို ပြင်ဦးလွင်ရှိ ရဟန်းဖြစ်တက္ကသိုလ်တွင် ဖွင့်လှစ်မည့် အစီအစဉ်ကို အတည်ပြုပေးခဲ့သည်။

KMSS ကရုဏာမြန်မာမှလည်း သူတို့၏ လုပ်ငန်းစဉ်များအား တင်ပြဆွေးနွေးပြီး ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ အတည်ပြုပေးခဲ့သည်။

မြန်မာပြည်ကောင်းသောသိုးထိန်းသီလရှင်များ၏ ဖေါင်ဒေးရှင်းမှလည်း အစိုးရထံမှ တရားဝင်ခွင့်ပြုချက်ရထားပြီး ဖြစ်သဖြင့် ဒုက္ခအခက်အခဲ တွေ့ကြုံနေရသော အမျိုးသမီးများအား ပိုမိုကူညီနိုင်ရန် မျှော်လင့်ထားကြောင်း၊ အသင်းတော်၊ သာသနာများနှင့်အတူ ပိုမိုလက်တွဲလုပ်ကိုင်လိုကြောင်း တင်ပြခဲ့သည်။

SVD (Society of Divine Word) အသင်းမှ ဘုန်းတော်ကြီး Jacob Kavunkal က မြန်မာပြည်တွင် ဆောင်ရွက်မည့် သူတို့၏ တမန်တော်လုပ်ငန်းများ အကြောင်းကို တင်ပြခဲ့သည်။ ရန်ကုန်သာသနာ မော်ဘီတွင် SVD ဘုန်းတော်ကြီး သုံးပါးသီတင်းသုံး နေထိုင်ကာ လုပ်ငန်းများ စတင်နေပြီ ဖြစ်သည်။

Kolping International, Germany ၏ လုပ်ငန်းစဉ်များ အကြောင်းကို Kolping Myanmar ၏ ဥက္ကဌ မစ္စတာ ဂျိမ်းစ် မှ လာရောက်တင်ပြခဲ့သည်။

နိုင်ငံတော် တည်ဆောက်ရေးတွင် ကက်သလစ် အသင်းတော်မှ ထိရောက်စွာ ပါဝင်နိုင်ရေးအတွက် ချမှတ်ထားသော စီမံကိန်း "Socio-Pastoral Strategic Plan: a Contribution to Nation Building" ကို အကျယ်တဝင့် တင်ပြဆွေးနွေးခဲ့သည်။ ဤစီမံကိန်းရေးဆွဲရေးကို ၂၀၁၃၊ ၂၀၁၆ နှင့် ၂၀၁၇ နှစ်များတွင် ပြုလုပ်ခဲ့သည်။ ဤအစည်းအဝေးများအတွင်း လုပ်ငန်းစဉ်ကို ကဏ္ဍ ၅ ရပ်ခွဲကာ ဆောင်ရွက်ခဲ့သည်။

ထိုကဏ္ဍများမှာ ၁) ဒေသခံပြည်သူများ၏ အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ၂)ပညာရေး ၃) လူသားထု ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ၄) အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ၅) ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံပါဝင်ရေး တို့ ဖြစ်သည်။ ထို ကဏ္ဍ ၅ ရပ်တွင် ဆောင်ရွက်ရန် စီမံကိန်းများကို အတည်ပြုပေးခဲ့သည်။

CBCM - OSC



# မြန်မာနိုင်ငံ ကက်သလစ် သူတော်စင်များ အဖွဲ့ချုပ် (CRCM - Catholic Religious Conference of Myanmar) ၇၇ ကြိမ်မြောက် အထွေထွေ ညီလာခံ



မြန်မာပြည်လုံးဆိုင်ရာ ကက်သလစ် သူတော်စင်များ အဖွဲ့ချုပ်၏ ၇၇ ကြိမ်မြောက် အထွေထွေ ညီလာခံကို ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ အဖွဲ့ချုပ်ကျောင်းတိုက်၌ ၂၀၁၈ ခုနှစ် ဇွန်လ ၁ မှ ၃ ရက်များတွင် ကျင်းပပြု လုပ်ခဲ့ပါသည်။ ညီလာခံသို့ သူတော်စင် အသင်းဂိုဏ်းများမှ အကြီး အကဲ ၂၄ ပါး၊ ကိုယ်စားလှယ် ၇ ပါးနှင့် လေ့လာသူ ၂ ပါးတို့ ပါဝင် တက်ရောက် ခဲ့ကြသည်။

ညီလာခံကို "Developing Mutual Relationship with our Mission Partners for the Good of the Myanmar Church" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည်။ မြန်မာပြည် အသင်းတော် ကောင်းကျိုးကို မျှော်ကိုးကာ သာသနာလုပ်ငန်းတွင် လုပ်ဖေါ်ကိုင် ဖက်များနှင့် အပြန်အလှန် မိတ်ဖွဲ့ခြင်းကို မြှင့်တင်ရန် နည်းလမ်းကောင်းများ ရှာဖွေခဲ့ကြရန် ဖြစ်သည်။

ညီလာခံသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ် ဥက္ကဌ ကလေးဂိုဏ်းအုပ်သာသနာ ဆရာတော် ဖဲလစ် လျန်းခင်းထန် တက်ရောက်ပြီး အမှာစကား ပြောကြားခဲ့သည်။ ဆရာတော်ကြီး၏ အမှာ စကားပေါ်ပြန်လည် သုံးသပ်နိုင်ရန် ဆွေးနွေးသုံးသပ်ခြင်းကို အဖွဲ့ခွဲကာ ပြုလုပ်ခဲ့ကြသည်။ ဆွေးနွေးရန် ပေးခဲ့သော မေးခွန်းများမှာ - ၁) သူတော်စင်များအနေနှင့် ဆရာတော်များထံမှ မည်သည့် အရာကို မျှော်လင့်ပါသနည်း။ ၂) ဆရာတော်များနှင့် သူတော်စင်များအကြား အကျိုးရှိစွာ ပူးပေါင်း လုပ်ကိုင်နိုင်ရန် မည်သည့်နည်းလမ်းများ လိုက်နာသင့်ပါ သနည်း။ စသည့်မေးခွန်းများအား အဖွဲ့ လိုက် သုံးသပ်ပြီး ပြန်လည် ဝေမျှခဲ့ကြသည်။

ဆရာတော်ကြီးက တမန်တော် လုပ်ငန်း လုပ်ဆောင်ရမည့် နေရာများ ရွေးချယ်ရာတွင် ဘုန်းတော်ကြီးနှင့် သူတော်စင်များ နည်းပါးသော ဒေသများကို ဦးစားပေး ရွေးချယ်ကြရန် အသင်းဂိုဏ်း အကြီးအကဲများအား တောင်းဆိုခဲ့သည်။

အဖွဲ့ချုပ်၏ လက်အောက်တွင် ဖွဲ့စည်းထားသော ကော်မရှင် အသီးသီး၏ အစီရင်ခံစာများအား ကြားနာကာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ပြန်လည်သုံးသပ်ခဲ့ကြသည်။

ဤညီလာခံမှ အချိန်ယူပြင်ဆင်လာ ကလေးသူငယ်များနှင့် ထိခိုက်လွယ်သော လူကြီးများအား ကာကွယ်စောင့်ရှောက်ရေး မူဝါဒကို အတည်ပြုခဲ့ခြင်း ဖြစ်သည်။ ကလေးသူငယ်များအတွက် တာဝန်ယူထားရသော သူတော်စင်များအတွက် ဤ အရာသည် အလွန် အရေးကြီးသော ကိစ္စရပ်တစ်ခုဖြစ်သည်။ မည်မျှပင် စိတ်နလုံး ကောင်းရှိသည်ဖြစ်စေ နည်းလမ်းမှန်ကန်စွာ လုပ်ကိုင်တတ်ရန်လိုအပ်သည်။ ထို့ကြောင့် ဤလုပ်နည်းလုပ်ထုံးများကို သူတော်စင်တိုင်း သိထားရန်လိုအပ်သည်။

အထွေထွေ အတွင်းရေးမှူး တာဝန် ထမ်းဆောင်ခြင်း ပြီးဆုံးပြီ ဖြစ်သော RNDM အသင်း ဂိုဏ်းဝင် စစ္စတာ ခရစ္စတင်းမေ အားအဖွဲ့ချုပ်မှ ကျေးဇူးတင်နှုတ်ဆက်ခဲ့သည်။ လာမည့် သုံးနှစ်တာအတွက် တာဝန်ယူ ဆက်ကပ်မည့် ကောင်းသောသိုးထိန်း သီလရှင် သင်းဂိုဏ်းမှ စစ္စတာ အာစွန်းတာရွှေအား ကြိုဆိုခဲ့သည်။

ဤညီလာခံမှ မြန်မာအသင်းတော်အတွက် သူတော်စင်များအနေနှင့် ပေးဆပ်နိုင်မည့် နည်းလမ်းများ ရှာဖွေနိုင်ခဲ့သည်။



# IDP စခန်းများပိတ်သိမ်းနိုင်ရန် အစိုးရစီစဉ်




IDP စခန်းများ ပိတ်သိမ်းနိုင်ရေး ပြင်ဆင်မှုတစ်ရပ် အနေဖြင့် အစိုးရမှ ဦးဆောင်၍ အလုပ်ရုံဆွေးနွေးပွဲကိုဇွန်လ (၂) ရက်ကနေပြည်တော်ရှိမင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့သည်။

ကချင်အပါအဝင် ပြည်နယ်(၄)ခု မြို့နယ် (၁၅)ခုတွင် IDP စခန်း (၁၄၀)ကျော် ရှိနေပြီး ၄င်းတို့ကို မည့်သည့်မူဝါဒဖြင့် ပိတ်သိမ်းမည် ဆိုသည်မှာ အရေးကြီးပါကြောင်း၊ ၄င်းစခန်းများကို နိုင်ငံတကာနှင့် ပူးပေါင်း၍ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန် အရေးကြီးသောကြောင့် ယခုကဲ့သို့ ဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီးဒေါက်တာ ထွန်းမြတ်အေးက ၄င်းအခမ်းအနားတွင် ပြောသည်။

ယနေ့ ၂၀၁၈ခုနှစ်၊ ဇွန်လ(၂)ရက်နေ့၊ နံနက်ပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်ထားရသည့် IDP စခန်းများ ပိတ်သိမ်းနိုင်ရန် မဟာဗျူဟာ စီမံချက်ရေးဆွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့ပါသည်။

၄င်းအပြင် နိုင်ငံတော်၏ဦးဆောင်မှုဖြင့် IDP စခန်းများ ပိတ်သိမ်းနိုင်ရေးကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လက်ခံနိုင်သည့် မဟာဗျူဟာ စီမံချက်ဖြစ်စေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကာလကြာရှည်ပြီဖြစ်သော IDP စခန်းများ ပိတ်သိမ်းနိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ၄င်းကဆိုသည်။

ပြီးခဲ့သည့် ဧပြီလမှစ၍ ကချင်ပြည်နယ်တွင် အစိုးရတပ်မတော်နှင့် KIA တို့ ကြားတိုက်ပွဲများ တစ်ကြော့ပြန်ဖြစ်ပွားခဲ့ပြီး တိုက်ပွဲများကြောင့် ဒေသခံ ထောင်နှင့်ချီပြီး နေရပ်စွန့်ခွာခဲ့ရသည်။ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသော ဒေသခံများသည် ခရစ်ယာန်ဘုရားကျောင်းများနှင့် နီးစပ်ရာ IDP စခန်းများတွင် အများဆုံးခိုလှုံနေထိုင်ကြကြောင်း သိရသည်။

CBCM-OSC



# ရေတွင်းထဲ ရေဆိုးစိမ့်ဝင်ခြင်းကြောင့် စိန့်ဂျိုးဇက် စစ်ရှောင်စခန်း၌ လူ ၁၀၀ ကျော် ဝမ်းရောဂါ ခံစားနေရ



မြစ်ကြီးနား။ ဝိုင်းမော်မြို့နယ် မိုင်းနားရွာရှိ စိန့်ဂျိုးဇက် စစ်ဘေးရှောင်စခန်းတွင် ဒုက္ခသည်များ အသုံးပြုနေသော ရေတွင်းများထဲသို့ ဘေးပတ်ဝန်းကျင်ရှိ ရေဝပ်အိုင်များမှ ရေဆိုးများ စိမ့်ဝင်နေခြင်းကြောင့် လူ ၁၀၀ ကျော်ခန့် ဝမ်းရောဂါ ခံစားနေရကြောင်း သိရသည်။ ဇွန်လဆန်းပိုင်းမှ စတင်ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်းသိရပြီး ရောဂါကူးစက်ခံရသူ အများစုမှာ ကလေးသူငယ်များဖြစ်ကြောင်းစခန်းနေ ပြည်သူ တစ်ဦး့ထံမှ သိရသည်။ ထိုစစ်ရှောင်စခန်းတွင် ရေတွင်း စုစုပေါင်း ၁၀ တွင်း ရှိသော်လည်း သုံးတွင်းကိုသာ အသုံးပြုနေရသည်ဟုလည်း စခန်းတာဝန်ခံ ဦးဂွမ်ဆိုင်းကပြောသည်။

"ရေတွင်း စလုပ်တဲ့အချိန် ကတည်းကနေ မှားခဲ့တယ်လို့ပဲ ပြောရမှာပေါ့။ အမြန်ပြီးဖို့ဆိုပြီး အသင့်လုပ်ပြီးသား ကွန်ကရစ်ခွေတွေ ဝယ်ထည့်လိုက်တယ်။ ဒါကြောင့် တစ်ခုနဲ့ တစ်ခုဆက်တဲ့ နေရာမှာ ကွာဟ သွားတာတွေ ရှိခဲ့တယ်။ အဲ့ဒီကနေ ရေစိမ့်ဝင်တယ်လို့ မြင်တယ်" ဟု စခန်းတာဝန်ခံက ဆက်လက်ပြောကြားသည်။ ထို့အပြင် ပေ ၁၅၀ ခန့်ရှိ ရေဝပ်အိုင်နား တစ်ဝိုက် ရေချိုးကန်၊ အိမ်သာနှင့် ရေတွင်းများ ရှိနေခြင်းကြောင့် ရေတွင်းရေမှာ နောက်ကျိနေပြီး ရေတွင်းနှင့် အိမ်သာ အကွာအဝေးမှာ ပေ ၃၀ ခန့်သာ ရှိကြောင်း မြစ်ကြီးနားသတင်းဂျာနယ်မှ သွား ရောက်ကြည့်ရှုစဉ် တွေ့ခဲ့ရသည်။ စစ်ရှောင်စခန်းတွင်နေထိုင်သူဦးရေနှင့် အိမ်သာမမျှတမှုကြောင့်လည်း ကလေး ငယ်များမှာ အိမ်သာ အပြင်နေရာများတွင် အပေါ့အလေး စွန့်နေကြရသည်ဟု လည်းဆိုသည်။ ဂေဟာစနစ်နှင့် သဘာဝပတ်ဝန်းကျင် (Ecological) အကြောင်း ကျွမ်းကျင်သူ ဆရာဟောင်းခေါ်က ခေတ်သစ် လေ့လာတွေ့ရှိချက်များ အရ အိမ်သာနှင့်ရေတွင်း များအား အနည်းဆုံး ပေ ၅၀ နဲ့အထက် ကွာခြားရမည် ဖြစ်ကြောင်း ရှင်းပြသည်။

"Underground water ရဲ့ သဘောအရ အဲဒီ



ရေတွင်းထဲကို ပတ်ဝန်းကျင်က ရေတွေ စိမ့်ဝင်နေတာဖြစ်တယ်။ ဒါကြောင့် ရေသန့်ကိုပဲ သုံးစေချင်တယ်။ အနည်းဆုံးတော့ ရေကို ကျိုချက် သောက်သုံးသင့်တယ်" ဟု ဆရာဟောင်းခေါ်က ဆက်လက် ရှင်းပြသည်။

စခန်းအတွင်း ကျန်းမာရေး စောင့်ရှောက်မှုအတွက် အစိုးရမှ ဆေးပေးခန်း တစ်ခုနှင့် ဆရာမ (၂) ဦး ခန့်အပ်ပေးထားပြီး လတ်တလောတွင် တစ်ရက်လျှင် အယောက် ၆၀ ခန့်လာရောက် ကုသမှု ခံယူနေကြောင်း ဆရာဂွမ်ဆိုင်းက ပြောသည်။ "ဇွန်လ ၁၁ ရက်နေ့ တစ်ရက်ထဲမှာပဲ အယောက် ၆၀ ကျော် လာကြတယ်။ ဝမ်းကိုက် ဝမ်းလျှော၊ နာစေးချောင်းဆိုးတဲ့သူတွေပဲ ဖြစ်တယ်"ဟု စခန်း ကျန်းမာရေးတာဝန်ခံ သားဖွားဆရာမ ဒေါ်ခင်မာဦးက ရှင်းပြသည်။ အဆိုပါ ဆေးပေးခန်းမှ ရိုးရိုး ဖျားနာသူများအား ဆေးပေး၊ ဆေးထိုးခြင်း၊ ပညာပေးခြင်း အဆင့်သာ လုပ်ဆောင်ပေးနေပြီး သာလွန်အဆင့် ဖျားနာသူများအား ဆေးရုံများသို့ လွှဲပို့ပေးနေကြောင်း ဆရာမက ပြောသည်။ အပြင်က ရေသန့်မှာယူ သောက်သုံး နေကြသော စခန်းနေ တစ်ချို့ မိသားစုများမှာ ရေတွင်းရေ သောက်သုံးသူများထက်ဝမ်းရောဂါ ခံစားမှု နည်းပါးကြောင်း သိရသည်။ စစ်ရှောင်အယောက် တစ်ထောင်ခန့်မှီခိုနေထိုင်သော စိန့်ဂျိုးဇက် စစ်ရှောင်စခန်းကို ၂၀၁၁ ခုနှစ် ဇွန်လမှ စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပြီး ယနေ့ ဇွန်လ ၁၄ ရက်နေ့တွင် ၇ နှစ်တင်းတင်းပြည့်ပြီဖြစ်သည်။

ဂျွန်ဆိုင်းလတ်အောင်၊

မြစ်ကြီးနား လူထုဆက်သွယ်ရေးရုံး

**oi\ b&m;oci xmO&b&m; ay;oem;awmraom jynü oi\ t ouwm**

**&nrn talumi;/oi\rbu ½aopm jylavm?**

**x uajrmu&musr; 20;12**

# စိန့်အဲလ်ဘတ် ကက်သလစ် ကိုယ်ပိုင် အလယ်တန်းကျောင်း

စိန့်အဲလ်ဘတ်ကက်သလစ် အလယ်တန်းစာ သင်ကျောင်းသည် မြန်မာနိုင်ငံ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရ ပညာရေးဌာနမှ အသိအမှတ်ပြုထားသော တွဲဖက် စာသင်ကျောင်းတစ်ကျောင်းဖြစ်သည်။

စိန့်အဲလ်ဘက်ကက်သလစ် အလယ်တန်းကျောင်းသည် ရွာပုန်းရွာရှောင်ကလေးများ ၊ မိမိရပ်ရွာတွင်မူလတန်းသာရှိသောကလေးများ၊ အကူအညီမဲ့နေ၍ မိဘများမရှိသောကလေးများ၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများသို့တက်ရောက်ရန် မိဘများ မထောက်ပံ့နိုင်သောကလေးများ၊ မိသားစုပြိုကွဲနေသောကလေးများနှင့် မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးရှိ မြိတ်မြို့တွင် ဖွင့်လှစ်ထားသော ပရဟိတမိဘမဲ့ဂေဟာမှကလေးများအတွက် အထူးရည်ရွယ်ဖွင့်လှစ်ထားသောစာသင်ကျောင်းဖြစ်သည်။

### စိန့်အဲလ်ဘက် ကက်သလစ် အလယ်တန်း စာသင်ကျောင်းစတင်အစပျိုးခြင်း

စိန့်အဲလ်ဘတ် ကက်သလစ် အလယ်တန်းကျောင်းကို မြိတ်မြို့ရှိ မိဘမဲ့ပရဟိတဂေဟာမှ ကလေးများရဲ့ လိုအပ်ချက်အရဘုန်းတော်ကြီး ဘရိုးနိုး ဖိလစ် မှ အမှူးပြုကာ ၂၀၁၄ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။

### စိန့်အဲလ်ဘတ် ကက်သလစ်အလယ်တန်းစာသင်ကျောင်း၏ ရည်ရွယ်ချက်နှင့် ဦးတည်ချက်များ

၁။လူမျိုး၊ဘာသာနှင့် အရပ်ဒေသမခွဲခြားဘဲ၊အခွင့်အရေးချို့တဲ့သောအလေးများအတွက် ပိုမိုကောင်းမွန်သောပညာရေးကိုထောက်ပံ့ကူညီပေးရန်။

၂။ရိုးရှင်းခြင်း၊ နှိမ့်ချခြင်းနှင့် လေးစားရိုသေမှုရှိခြင်းစသော လူ့တန်ဖိုးများကိုကလေးများအားသင်ကြားပြီး၊ မိမိ၏ ယဉ်ကျေးမှု အမွေအနှစ်များကိုချစ်ခင်လေးစားတတ်ရန်။

၃။ အမှန်တရား၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ချစ်ခြင်းမေတ္တာများအကြောင်းကိုစာသင်ကျောင်းတွင်သာမကမိမိ၏ မိသားစု၊ ရွာနှင့်နိုင်ငံ မိမိဘဝတလျောက်လုံးတွင် အဓိပ္ပါယ်ပြည့်ဝသောအသက်တာဖြင့် ကျင့်သုံးနေထိုင်တတ် ရန်။

### သင်ရိုးညွှန်းတမ်းနှင့်ဆရာ၊ ဆရာမများ

စိန့်အဲလ်ဘတ် ကက်သလစ်အလယ်တန်းကျောင်းကိုမြိတ်မြို့တွင်ရှိသော အစိုးရပညာရေးကျောင်းနှင့် တွဲဖက်ထားသည်။ ကျောင်း၏ သင်ရိုးညွှန်းတမ်းနှင့် အချိန်ဇယားများကို ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်အတိုင်းဆောင်ရွက်လျှက်ရှိသည်။ သင်ကြားမှုအပိုင်းတွင် ရန်ကုန်ဂိုဏ်းချုပ်သာသနာနှင့် ပူးပေါင်းပြီး "Infant Jesus" သီလရှင် အသင်းဂိုဏ်းမှ ဖွင့်လှစ်ထားသော" ပညာစမ်းအိုင်" ပညာရေးကျောင်းမှ ကျောင်းဆင်း ဆရာ၊ ဆရာမများကတာဝန်ယူ ဆောင်ရွက်ပေးကြသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပဥ္စမတန်း ၅၆ ယောက်၊ ဆဋ္ဌမတန်း ၃၆ ယောက်၊ သတ္တမတန်း ၄၉ ယောက်၊ အဋ္ဌမတန်း ၅၆ ယောက် စုစုပေါင်းကျောင်းသား/သူ ၁၉၇ ယောက် ပညာသင်ကြားလျှက်ရှိသည်။

MLM-Osc



# ရွှေနှလုံးတော်၏ သားသမီးများထံမှ ကုသိုလ်တော်မြတ်ခံယူခြင်း



ထိုနေ့ရက်ကား မိုးများ တရစပ်ရွာသည်ဖြစ်၍ မိသားစုနှင့် အိမ်ကိုလွမ်းစိတ်ကလေးများ ပိုအောင် နှိုးဆွသလိုပင်ဖြစ်လေသည်။ ထိုကာရံမညီလှသော မိုးစက်ကလေးများ၏အသံကို ဥပေက္ခာပြုလိုက်သော်လည်း

ပျော်ရွှင်ဖွယ် မိသားစုအသွင်ဆောင်နေသည့် ချစ်ခြင်းမေတ္တာသည်ကား မသိမသာရှင်သန်လှုပ်ခတ်နေသည်မှာ ကြည်နူးစရာကောင်းလှပါသည်။ ဇွန်လ (၁၀) ရက် ထိုနေ့သည် မေတ္တာစမ်းရေထွက်ရာ အရင်းအမြစ်ဖြစ်သော အရှင်မြတ်ယေရှုဘုရား၏ အလွန်သန့်ရှင်းစင်ကြယ်လှသော ရွှေနှလုံးတော်ပွဲနေ့ ဖြစ်သည့်နည်းတူ ဒသနိကဗေဒရဟာန်းဖြစ်ကျောင်းမှ ကိုရင်များသည် အရှင်မြတ်ယေရှုဘုရား၌ ရိုးသားဖြူစင်လှသည့် ကလေးငယ်များနှင့် တွေ့ဆုံခွင့်ရကာ ကုသိုလ်တော်မြတ်ခံယူသောနေ့လည်းဖြစ်သည်။

ရှေ့က နောင်တော်များ ကောင်းမွန်သောအမွေအဖြစ် ချန်ထားရစ်ခဲ့ကြသော မွန်မြတ်စိတ်ထား အလှူဒါနပြုခြင်းကို ခေတ်အဆက်ဆက်လက်ဆင့်ကမ်း ခံယူကြပြီး မိမိတို့၏ မုန့်ဖိုးကလေးများကို ချွေတာစုဆောင်းလျှက် ရွှေနှလုံးတော်မိဘမဲ့ဂေဟာသို့ အနည်းဆုံးတစ်နှစ်(၂)ခေါက် သိုးထိန်းဆိုင်ရာလက်တွေ့ကွင်းဆင်းမှုအဖြစ် သွားရောက်အားပေးလေ့ရှိပါသည်။ ထို့သို့ သွားခဲ့ကြသည့်အခါတွင် ညီ/ညီမငယ်လေးများ၏ ပညာသင်နှစ်တစ်နှစ်တာလုံးအတွက် ပညာရေး အထောက်အကူပြုပစ္စည်းများနှင့် အခြားလိုအပ်သည့်အရာများ အပြည့်အဝ မလှူဒါန်း၊ မဖြည့်ဆည်းနိုင်ခြားသော်လည်း ၄င်းတို့၏ စိတ်၊ ဝိညာဉ်၊ ကာယ အဖြာဖြာဖြင့် အားအင်ဖြစ်ထွန်းစေရန် ၄င်းတို့နှင့်အတူ ကခုန်ခြင်း၊ ကစားခြင်း၊ ဘုရားစကားပုံပြင်များပြောပြခြင်းများ ဆပ်ကပ်ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အပြင် သူတို့နှင့် ထမင်းတစ်နပ်အတူစားသုံးခဲ့ပြီး ပျော်ရွှင်စရာ အချိန်အခိုက်အတန့်လေးများ ရရှိခဲ့ပါသည်။ ညီ/ညီမငယ်လေးများ၏ အပြုံးများကား ရှု့မြင်သူတိုင်းအတွက် စိတ်နှလုံးကြည်ရွှင်စေကာ ချစ်စရာအလွန်ကောင်းလှသည်။ ကျေးဇူးရှင်များအတွက် ၄င်းတို့၏ဆုတောင်းသံများကို မဟာဂရုဏာရှင် အဖဘုရားသခင်က ငြင်းပယ်လိမ့်မည်မဟုတ်ပါ။

ထိုဂေဟာလေးသည် ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ပ/၅-ဒေါနလမ်းတွင် တည်ရှိပြီး စိန့်အလ္ဘိုက်ရက်သီလရှင်သုံးပါးမှ ဘုရားရှင်အားအစေခံလျှက် ထိုမိဘမဲ့နေသောကလေးငယ်များအတွက် မိဘသဖွယ် ပြုစုစောင့်ရှောက်ပေးနေသည်။

စာမျက်နှာ ၁၆ သို့

# ကျိုင်းတုံ သာသနာအတွင်းရှိ ကက်သလစ်ဘာသာရေးအခြေပြု အဖွဲ့အစည်းများ တွေ့ဆုံပွဲပြုလုပ်

ကျိုင်းတုံသာသနာ အတွင်းရှိ ကက်သလစ်ဘာသာရေး အခြေပြု အဖွဲ့အစည်းများတွေ့ဆုံပွဲကို ဇွန်လ ၃ ရက် နံနက် ၁၀ နာရီတွင် စတင်ကျင်းပခဲ့ပါသည်။

ထိုတွေ့ဆုံပွဲတွင် သာသနာအုပ်စုအတွင်းရှိ ကက်သလစ်အဖွဲ့အစည်း ကိုယ်စားလှယ်များမှ မိမိအဖွဲ့အစည်း၏ တည်ဆောက်ပုံ အခြေအနေများနှင့် လုပ်ငန်းစဉ် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ပြီး သာသနာတော်၏ လမ်းညွှန်မှုများ ရယူခဲ့ကြသည်။ တွေ့ဆုံပွဲသို့ ဓမ္မဆရာအဖွဲ့၊ မိခင်အသင်း၊ ဖခင်အသင်း၊ လူငယ်၊ သာသနာပြုကလေးသူငယ်များအသင်း၊ မီးအိမ်ရှင်အသင်း၊ ရောင်စုံမေတ္တာအသင်း၊ကောင်းသောဆမာရိတန်အသင်း၊ ပုရွက်ဆိတ်အဖွဲ့၊ လူထုဆက်သွယ်ရေးရုံး၊ စသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်(၅၀)ခန့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးကို ကျောင်းထိုင်ဘုန်းတော်ကြီး Fr.Mario Martu မှ အဖွင့်ဆုတောင်းမေတ္တာဖြင့် ဖွင့်လှစ်ခဲ့ကာ အဖွဲ့အစည်းအသီးသီးမှ တင်ပြဆွေးနွေးမှုအပြီးတွင် Fr.Mario Martu မှ အဖွဲ့အစည်းများအားလုံး ညီညီညာညာ လက်ချင်းချိတ်ကာ သာသနာတော် တိုးတက်ရာ တိုးတက်ကြောင်း အတူတကွ လုပ်ဆောင်ကြရန်နှင့်



လူတိုင်းလူတိုင်း ဝိညာဉ်ရေးပိုင်း ဦးစားပေးအာရုံပြုနိုင်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲကို နေ့လည်ပိုင်းအချိန်တွင် အဆုံးသတ်ရပ်နားခဲ့သည်။

ဒီထွေး

# မြန်မာနိုင်ငံ၏ပထမဦးဆုံး သူတော်သူမြတ်ဖြစ်သော FATHER CLEMENT VISMARA ၏ ပွဲနေ့အခမ်းအနားကျင်းပ




ဇွန်လ ၁၅ ရက်တွင် ကျရောက်သော Blessed Rev Fr. Clement Vismara ပွဲနေ့ကို ကျိုင်းတုံကက်သလစ်သာသနာ၊ မိုင်းပျဉ်း သာသနာအုပ်စု ခရစ္စတူးဘုရင်ဘုရားကျောင်းတွင် ထိုနေ့ နံနက် ၈ နာရီအချိန်က ပွဲနေ့မစ္ဆားတရားတော်မြတ် ပူဇော်ကျင်းပခဲ့ပါသည်။

ပွဲနေ့ မစ္ဆားတရားတော်မြတ်ကို ကျိုင်းတုံ ဂိုဏ်းအုပ်ဆရာတော်ကြီး ပီတာလွီးစ်မှ ဦးဆောင်ပေးခဲ့ပြီး ဘာသာဝင် ၆၀၀ ကျော် ပါဝင်ဆုတောင်းခဲ့ကြသည်။ သူတော်သူမြတ် Rev Fr. Clement Vismara ကို သတိရ အောက်မေ့သောအားဖြင့် မိုင်းပျဉ်း သာသနာအုပ်စု၊ ခရစ္စတူးဘုရင် ဘုရားကျောင်းတွင် တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သော Blessed Rev Fr.Clement Vismara ခန်းမကို ဂိုဏ်းအုပ် ဆရာတော်ကြီးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

Blessed Father Clement Vismara သည် ၁၈၉၇ ခုနှစ်၌ အီတလီနိုင်ငံ Agrate Brianza မြို့တွင် မွေးဖွားခဲ့ပြီး သက်တော် ၂၆ နှစ်တွင် ကက်သလစ်ရဟန်းတစ်ပါး ဖြစ်လာခဲ့သည်။ ရဟန်းသိက္ခာခံခဲ့သည့် ၁၉၂၃ ခုနှစ်၌ပင် မြန်မာနိုင်ငံသို့ သာသာပြုရဟန်းတစ်ပါးအဖြစ်စေလွှတ်ခြင်းခံခဲ့ရကာ တောင်ငူ၊ ကျိုင်းတုံ၊ တောင်ကြီး စသည့် သာသနာနယ်များတွင် ဘာသာဝင်များအား ကြည့်ရှုစောင့်ရှောက်ခဲ့သည်။ အင်္ဂလိပ်၊ ဂျပန် စစ်ပွဲများတွင် စစ်ပွဲဒဏ်ကို ကြံကြံခံခဲ့ရင်း တောတောင်များအတွင်း အလုပ်ကြမ်းမျိုးစုံကို လုပ်ကိုင်ခဲ့ရသည်။

"မင်းဟာ ဘယ်သူ့အတွက်မှအသုံးမဝင်တော့ရင် မင်းအသက်ကြီးလာပြီ" ဟု သူတော်သူမြတ် Clement Vismara က ပြောဆိုခဲ့ပြီ ၎င်းသေဆုံးချိန် (၁၉၈၈ ခုနှစ်၊ ဇွန်လ ၁၅ရက်) အသက် ၉၀ နှစ်အထိ ဘာသာဝင်များနှင့် သာသနာအတွက် စိတ်အားတက်ကြွစွာ အလုပ်လုပ်ခဲ့သည်။ ၎င်းသေဆုံးချိန်၌ အားလုံးပြည့်စုံခဲ့သည်ဟု ၎င်းကိုယ်တော်တိုင် ခံစားခဲ့ရသည်။ Blessed Father Clement Vismara၏ ရုပ်အလောင်းကို ၎င်း၏ဆန္ဒအတိုင်း ကျိုင်းတုံသာသနာ မိုင်းပျဉ်းတွင် မြုပ်နှံသင်္ဂြိုလ်ခဲ့သည်။

ပုပ်ရဟန်းမင်းကြီး ဘက်နဒစ်(၁၆) က Father Clement Vismara ကို မြန်မာနိုင်ငံ၏ ပထမဦးဆုံး သူတော်သူမြတ်အဖြစ် ၂၀၁၁ ခုနှစ် ဇွန်လ ၂၆ ရက်တွင် ကြေငြာခဲ့သည်။

ဒီထွေး

# ဂရုဏာရေး သီလရှင်များအတွက် သမ္မာကျမ်းစာဦးဆောင်သူများသင်တန်းကျင်းပ

ဂရုဏာရေး သီလရှင်များအတွက် သမ္မာကျမ်းစာဦးဆောင်သူများသင်တန်းကို ဇွန်လ ၁၀ ရက်မှ ၁၄ ရက်အထိ တောင်ကြီးမြို့ ဘုရားဖြူရှိ Our Lady Of Peace House တွင် ကျင်းပခဲ့ပါသည်။ ၎င်းသင်တန်းတွင် သီလရှင် ၄၃ ပါးတက်ရောက်ပါဝင်ခဲ့ပြီး Fr. Bosco စောလားထူး နှင့်အတူ Fr. Augustine အောင်စိုးနိုင် Sr အက်စတာ ဇော်းနန်းတို့မှ ဦးဆောင်ပို့ချပေးခဲ့ပါသည်။ ယခင်နှစ်က စစ္စတာရ်များအတွက် အခြေခံသမ္မာကျမ်းစာသင်တန်းကိုပို့ချပေးခဲ့ခြင်းဖြစ်ပြီးယခုနှစ်တွင်နောက်တစ်ဆင့်အနေဖြင့် သမ္မာကျမ်းစာဦးဆောင်သူများသင်တန်းကိုပို့ချပေးခဲ့ခြင်းဖြစ်ပါသည်။

CBCM-BIBLE



စာမျက်နှာ ၁၅ မှ အဆက်

ယခုနှစ်တွင် သာသနာဒေသ အသီးသီးမှ မိန်းက လေး(၄၅)ယောက်၊ ယောက်ျားလေး (၃၀)ယောက်၊ စုစု ပေါင်း (၇၅) ယောက်ရှိသည်။ သိုးထိန်းဆိုင်ရာ ကွင်းဆင်းမှုအဖြစ် သွားရောက်ခဲ့ရာတွင် အစစအရာရာ ကူညီပေးခဲ့ပြီး ဆုတောင်းမေ တ္တာ များ ပို့ သ ပေး ခဲ့ သ ည့် အ တွ က် စစ္စတာရ်ကြီး Noeline ကို ကျေးဇူးတင်လျှက်ရှိကြောင်း ဖော်ပြလိုပါသည်။

CMS ၊ ပြင်ဦးလွင်မြို့



# ဟားခါးသာသနာ၏ အကြိုရဟန်းဖြစ်သင်ကျောင်း



ဟားခါးသာသနာအတွင်း အနာဂတ်သာသနာကို ပြန့်ပွားတိုးတက်စေရန် ရည်ရွယ်၍ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အကြိုရဟန်းဖြစ်ကျောင်းသားများကို ပြန်လည်လက်ခံလိုက်ပြီ ဖြစ်ပါသည်။ St. Pio's Pre-minor School သည် ဟားခါးမြို့ ကျောဘုတ်ရပ်ကွက်တွင် တည်ရှိသည်။

St. Pio's Pre-minor School ကျောင်းကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ယင်းနှစ်တွင် ကျောင်းသာ ၁၄ ယောက်ရှိခဲ့သည်။

ယခုနှစ်တွင် နဝမတန်းကျောင်းသား (၁၁)ယောက်နှင့် အဋ္ဌမတန်းကျောင်းသား (၂၇)ယောက်၊ စုစုပေါင်း (၃၈)ယောက်ရှိကြောင်း ကျောင်းအုပ် ဘုန်းတော်ကြီး Fr. Andrew Le Tling ထံမှ သိရသည်။ ဘဏ္ဍာရေးတွင် ကျောင်းသားအားလုံးအတွက်သော်လည်းကောင်း၊ ကျောင်းသားတစ်ဦးစီအတွက် သော်လည်းကောင်း၊ ကျောင်း တစ်ကျောင်းလုံးအတွက်သော်လည်းကောင်း အထူး လိုအပ်လျက်ရှိကြောင်း ကျောင်းအုပ်ဘုန်းတော်ကြီး ထံမှ သိရသည်။ ရဟန်းရှင်လူ ဘာသာတူများ မှ ကူညီ ထောက်ပံ့ပေးရန်လည်း ကျောင်းအုပ် Fr. Andrew က မေတ္တာရပ်ခံခဲ့သည်။

၈တန်း ကျောင်းသားများအနေဖြင့် ကျောဘုတ်ရပ်ကွက် အ.လ.က တွင် နေ့ကျောင်းတက်ကြရပြီး ၉ တန်း၊ ၁၀ တန်း ကျောင်းသားများမှာမူ ကျောင်းနှင့် (၃)မိုင်ခန့်ဝေးသော ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ အ.ထ.က (၄) သို့ သွားရောက် နေ့ကျောင်းတက်ကြရကြောင်းသိရသည်။ ယခုနှစ် နှစ်စအချိန်ထိ ကျောင်းသုံးကား မရှိသေးခြင်းကြောင့် ၃ မိုင်ခရီးကို ခြေလျင်သွားရောက်ကျောင်းတက်ခဲ့ရပြီး၊ ယခုအခါ ကျောင်းကားတစ်စီးရရှိထားခြင်းကြောင့် ကျောင်းသွား၊ ကျောင်းပြန်အတွက် အဆင်ပြေသွားပြီဖြစ်ကြောင်း သိရသည်။

အကြို ရဟန်းဖြစ်သင်ကျောင်းတော်ကြီး၏ အကျယ်အဝန်းမှာ (၅)ကေခန့်ရှိသော်လည်း အဆောင်နှစ်ခုသာ ရှိသေးကြောင်း၊ ကျောင်းသားများအတွက် အဆောင်များစွာ ထပ်မံတိုးချဲ့ရန်လိုအပ်လျက်ရှိကြောင်း၊ ထို့အပြင် ကျောင်းသားများအတွက် အသုံးအဆောင်ပစ္စည်းများလည်း လိုအပ်လျက်ရှိကြောင်းနှင့် ထိုအရာများအတွက် အလှူရှင်များကို ဖိတ်ခေါ်လိုပါကြောင်း ကျောင်းအုပ်ဘုန်းတော်ကြီးက ပြောသည်။

နောဘတ် ကျော်လင်း၊

Hakha-OSC

# ST. John Private School မှ မူကြိုတန်းမှ သုံးတန်းအထိ အတန်းတိုးသင်ကြားပေး

ဟားခါးသာသနာအတွင်း၊ ဟားခါး မြို့ပေါ်ရှိ St. John Private School ကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစ၍ စတင် ဖွင့်လှစ်ခဲ့ပါသည်။ ပထမနှစ်တွင် မူကြို၊ သူငယ်တန်း၊ ပထမတန်း အတန်း (၃) တန်း ကိုစတင်လက်ခံသင်ကြားပေးခဲ့ရာ ကျောင်း သားပေါင်း (၅၄) ယောက်ရှိခဲ့သည်။

ယခုနှစ် (၂၀၁၈-၂၀၁၉ ပညာသင် နှစ်)တွင် တတိယတန်းအထိ တိုးမြှင့်ဖွင့် လှစ်ခဲ့ရာ ဖွန်လဆန်းပိုင်းစာရင်းအရ မူကြို (၆၃)ယောက်၊ သူငယ်တန်း (၄၇)ယောက်၊ ပထမတန်း (၂၀)၊ ဒုတိယတန်း (၁၅) ယောက်နှင့် တတိယတန်း (၉)ယောက် စုစုပေါင်း (၁၅၄)ယောက် ရှိခဲ့ပါသည်။အရည်အသွေးရှိသော ပညာရေး ရရှိစေရန်၊ အကျင့်စာရိတ္တ မြင့်မားစေရန်၊ တီထွင် ကြံဆ ဉာဏ်အားကောင်းလာစေရန်၊ ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန်၊ ပင်ကိုယ် အရည်အသွေးများဖြင့် မြှင့်တင်ပေးရန် စသည့် ရည်ရွယ်ချက်ပန်းတိုင်များ ထားရှိကာ စိန် ဂျွန်း ကိုယ်ပိုင်ကျောင်းမှ ကလေးငယ်များကို လေ့ကျင့်သင်ကြားပေးလျှက်ရှိကြောင်း သိရ သည်။ နောဘတ် ကျော်လင်း (Hakha OSC)






အလားတူ ကျောင်းသား/ကျောင်းသူများ ပညာရေးအတွက် အထောက်အကူဖြစ်စေရန် စိန့်မိုက်ကယ် ဘော်ဒါဆောင်ကို ဟားခါးမြို့ပေါ် ကျောဘုတ် ရပ်ကွက်၊ ကက်သလစ် သချိုင်းဟောင်းနေရာတွင် တည်ဆောက်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။


၄င်းဘောဒါဆောင်ကို ကိုရီးယားနိုင်ငံသားများဖြစ်သော ဘုန်းတော်ကြီး Fr. Michael နှင့် ညီမ Gabriela တို့မှ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ယခုနှစ် (၂၀၁၈-၂၀၁၉) ပညာသင်နှစ်တွင် သတ္တမတန်း ကျောင်းသား ၂၁ယောက်၊ အဋ္ဌမတန်း ကျောင်းသား ၂၉ ယောက် စုစုပေါင်း (၅၀)ယောက် နေထိုင် ပညာသင်ယူလျှက်ရှိကြသည်။

ဟားခါးသာသနာအတွင်း သာသနာစီရင်စုအသီးသီးမှ ကျောင်းသား/ သူများကို သက်ဆိုင်ရာဘုန်းတော်ကြီးများ၏ထောက်ခံချက်ဖြင့် သင့်တင့်သောစရိတ်ယူကာ လက်ခံသင်ကြားပေးခြင်းဖြစ်သည်။

နော်ဘတ် ကျော်လင်း၊ HAKHA-OSC

ပညာရေးဆိုတာ အနာဂတ်ဆီသွားဖို့ နိုင်ငံကူး
လက်မှတ်ဖြစ်ပါတယ်။
မနက်ဖြန်ဆိုတာကို ရယူဖို့ ဒီနေ့မှာပြင်ဆင်နေသူ
ပိုင်ဆိုင်တဲ့ အရာဖြစ်ပါတယ်



# ငြိမ်းချမ်းရေးဆုတောင်းသံနှင့် ငြိမ်းချမ်းရေးရောင်ခြည်ဦး

ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်း ရေးအတွက် ကက်သလစ်ခရစ်ယာန် ဘာသာဝင်များ နိုဗီနာကျင်းပပြီး ဆု တောင်းကြရန် တောင်ကိုရီး ယားအသင်းတော်က ဖွန်လ ဆန်းပိုင်းက ကြေငြာချက်ထုတ်ပြန်တောင်းဆိုလိုက်သည်။ စင်စစ် ကိုရီးယား နှစ်နိုင်ငံပြည်သူများအတွက် စိတ်လှုပ်ရှား စရာအကောင်း အချိန်အခိုက် အတန့်ကို ရောက်ရှိလာလေပြီ။ ထိုအခြေ အနေကို ကိုရီးယားနှစ်နိုင်ငံတည်းသာမက ကမ္ဘာတဝှမ်းလုံးမှ ရင်တမမဖြင့် စောင့်မျှော်နေခဲ့သည့် ထိုနေ့ကို ရောက်ရှိလာလေပြီ။



တစ်ကမ္ဘာလုံးမှ မီဒီယာအများ အပြားသည် ကမ္ဘာ့ အသေးဆုံးစာရင်းဝင် စင်္ကာပူကျွန်းနိုင်ငံလုံးသို့ ရောက်ရှိနေ ကြသည်။ ဖွန်လ ၁၂ ရက် နံနက် (၉)နာရီအချိန်တွင် မြောက်ကိုရီးယားခေါင်းဆောင် ကမ်ဂျုံအင်းနှင့် အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်တို့သည် ဟိုတယ်ခန်းမရှိ ကော်ဇောနီပေါ်တွင် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင် လျှောက်လှမ်းလာပြီး ပထမဆုံးအကြိမ် လူချင်းတွေ့ လက်ဆွဲနှုတ်ဆက်ခဲ့ကြသည်။

၎င်းလက်ဆွဲနှုတ်ဆက်ခြင်းသည် အမေရိကန်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံခြား အစဉ်အဆက်တည်ရှိ နေခဲ့သည့် ခက်ထန်မုန်းတီးမှုများချေဖျက်ရန် သမိုင်းဝင်ပုံရိပ်တစ်ခုဖြစ်သည်။ တွေ့ဆုံပွဲမတိုင်မီ ရက်ပိုင်းအလိုအထိ နှစ်နိုင်ငံအကြား ခက်ခက်ခဲခဲ ညှိနှိုင်းခဲ့ရပြီး အစည်းအဝေးပွဲအထိ စိုးရိမ်ပူပန်မှုများရှိနေခဲ့ကြသည်။

သို့သော် ၃၈ မိနစ်ကြာ နှစ်နိုင်ငံခေါင်းဆောင်များ သီးခြားတွေ့ဆုံပွဲအပြီးတွင် အတိတ်၏ ရန်လိုမှုများကိုထားခဲ့ပြီး ငြိမ်းချမ်းရေးအတွက် ဆက်လက် ပူပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦးက မီဒီယာများကို ပြောကြားခဲ့သည်။

အတိတ်ကို အတိတ်မှာပဲ ထားခဲ့ရန် သဘောတူခဲ့ပြီး သမိုင်းတွင်မည့် စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ယခုအစည်းအဝေး ပေါ်ပေါက်လာသည့်အတွက် သမ္မတဒေါ်နယ်ထရန့်ကို ကျေးဇူးတင်ကြောင်းနှင့် ကမ္ဘာကြီးအနေဖြင့် ပြောင်းလဲမှုကြီးတစ်ရပ်ကို မြင်တွေ့ရတော့မယ်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက မီဒီယာများကို ပြောကြားခဲ့သည်။

သမ္မတဒေါ်နယ်ထရန့်ကလည်း ကင်နှင့် နောက်ထပ်တွေ့ဆုံကြအုံးမယ်ဖြစ်ကြောင်းနှင့် ကင်အား အိမ်ဖြူတော်သို့ ဖိတ်ခေါ်ချင်ကြောင်း သမ္မတထရန့်က ပြောကြားခဲ့သည်။ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အတွက် သိပ်မထူးဆန်းလှသော်လည်း အသက် ၃၀ ကျော် မြောက်ကိုးရီးယားခေါင်းဆောင်ကင်အတွက်မူ အကြီးကျယ်ဆုံး တွေ့ဆုံဆွေးနွေးမှုတစ်ရပ်ဖြစ်သည်။ ပြီးခဲ့သည့် ဧပြီလနှင့် မေလတို့က ၎င်းသွားရောက်ခဲ့သော တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံပြီးလျှင် ဆွေးနွေးပွဲကျင်းပရာ စင်ကာပူနိုင်ငံသည် ခေါင်းဆောင်ကင် ခြေချခဲ့သည့် တတိယနိုင်ငံဖြစ်သည်။ ကွန်မြူနစ်နိုင်ငံဖြစ်သော မြောက်ကိုရီးယားနိုင်ငံ၏ ခေါင်းဆောင်တစ်ဦးအနေဖြင့် ဒီမိုကရေစီ စံပြယုတ်ဖြစ်သည့် အမေရိကန်နိုင်ငံ၏သမ္မတနှင့် တွေ့ဆုံခဲ့မှုသည် သမိုင်းတွင်ကြီးကျယ်လှသော ပြောင်းလဲမှုတစ်ရပ်ပင်ဖြစ်သည်။

ဆွေးနွေးပွဲအပြီး နေ့လည်စာအတူ သုံးဆောင်ပြီးချိန် ခေါင်းဆောင်နှစ်ဦးသည် ဟိုတယ်ဥယျာဉ်ထဲတွင် အတူလမ်းလျှောက်ခဲ့ပြီး သတင်းထောက်များကို နှုတ်ဆက်ခဲ့သည်။

ဆွေးနွေးပွဲရလာဒ်အဖြစ် မြောက်ကိုရီးယားက ဒေသတွင်း ခြိမ်းခြောက်နေသော နျူကလီးယားစမ်းသပ်မှုများကို ပိတ်သိမ်းဖြစ်မည်ဟု ပြောကြားခဲ့ပြီး အမေရိကန်က မူ တောင်ကိုရီးယားနှင့် ပူတွဲစစ်ရေးလေ့ကျင့်မှုများကို ရပ်တန့်ပေးမည် ဖြစ်သည်။ ၎င်းအပြင် အမေရိကန်က စစ်ကျန် အလောင်းများရှာဖွေရေးနှင့် စစ်သုံ့ပန်းများ ပြန်လွှတ်ပေးရန် တောင်းဆို ခဲ့ပြီး မြောက်ကိုရီးယားက သဘောတူ လက်ခံခဲ့သည်။

ပြီးခဲ့သည့် ဧပြီလ ၂၇ ရက်ကလည်း သမိုင်း တစ်လျှောက် ရန်သူများအဖြစ် ဆက်ဆံလာခဲ့ကြသည့် တောင် နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံ ခေါင်းဆောင်တို့သည် အချင်းချင်း နယ်စပ်စည်းမျဉ်း လက်ဆွဲနှုတ်ဆက် ခဲ့ကြသည်။ ကင်ခေါင်းဆောင်သော မြောက်ကိုရီးယားအစိုးရအဖွဲ့ဝင်များသည့် နှစ်နိုင်ငံ နယ်စပ်စည်းမျဉ်းကို ကျော်ဖြတ်တောင်ကိုရီးယားနိုင်ငံအတွင်းသို့ ပထမဦးဆုံး ခြေချဝင်ရောက်ခဲ့သည်။ ထို့အတူ ကင်ကလည်း တောင်ကိုရီးယားနိုင်ငံနယ် နမိတ်စည်းမျဉ်းကိုကျော်ကာ မြောက်ကိုရီးယားနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့သည်။

ထို့နောက် တောင်ကိုးရီးယားသမ္မတ မွန်ဂျေအင်း၏ ဖိတ်ခေါ်မှုဖြင့် ကင်နှင့် အစိုးရအဖွဲ့ဝင်များသည် နယ်စပ်အနီးတွင်ရှိသည့် ငြိမ်းချမ်းရေးအိမ်တော်ရာသို့ သွားရောက်ခဲ့ပြီး နျူကလီးယားဖျက်သိမ်းရေးနှင့် နှစ်နိုင်ငံငြိမ်းချမ်းရေးအတွက် တံခါးပိတ်ဆွေးနွေးခဲ့ကြသည်။

ကိုရီးယားကျွန်းဆွယ်၏ ငြိမ်းချမ်းရေးသည် ထင်မှတ်မထားသည့်တိုင် ပို၍ပို၍ ရုပ်လုံးကြွထင်ရှားလာပြီဖြစ်သည်။

ကိုရီးယား ကက်သလစ် အသင်းတော် အနေဖြင့် ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေးရရန် လွန်ခဲ့သည့် ၁၉၆၅ ခုနှစ်မှ စတင်ဆုတောင်းခဲ့ရာ (၅၃) နှစ်အကြာတွင် ယခုကဲ့သို့ ပြောင်းလဲမှုများ ပေါ်ပေါက်လာခဲ့သည်။ ကိုရီးယား အသင်းတော် အနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ပြီးသည်အထိ ဝိုင်ဝန်းကူညီ၊ ဆုတောင်းပေးအုံးမည်သည်။ ဤငြိမ်းချမ်းရေးရည်ရွယ်ချက်အတွက် ညစဉ် (၉) နာရီ အချိန်တွင် စိပ်ပုတီးစိပ် ဆုတောင်းကြရန် ကိုရီးယား အသင်းတော်က ကြေညာထားသည်။

Ref: CAN, Vatican Media, AFP, Reuter

ဘာသာပြန်ရေးသာသူ- ချမ်းဇော်အောင်

# အာပတ်ဖြေခြင်းလျှို့ဝှက်ခြင်းကို ဖေါက်ဖျက်မည့်အစား ထောင်ကျခံမည်



ဩစတြေးလျ နိုင်ငံ ကန်ဘဲရား ပြည်နယ် တရားစီရင်ရေးမှ ကလေးငယ်များအား မတော်မတရား ပြုသည့် အမှုများကို ရဲစခန်းအား အကြောင်းကြားရန် ပျက်ကွက်ပါက တရားဥပဒေအရ အပြစ်ပေးခြင်း ခံရမည်ဟု ဥပဒေထုတ်ပြန်ခဲ့သည်။ ထိုဥပဒေကြောင့် အာပတ်ဖြေရာတွင် သိလာလျှင်လည်း အာပတ်ဖြေနားထောင်သည့် ဘုန်းကြီးများသည်လည်း ထိုအမှုများကို ရက် ၃၀ အတွင်း ရဲစခန်းသို့ သတင်းပို့ရမည်ဟုလည်း ပါရှိသည်။ ဤဥပဒေသည် ၂၀၁၉ ခု မတ်လ ၃၁ ရက်နေ့တွင် အသက်ဝင်မည်ဖြစ်သည်။

သို့သော် ဆရာတော်ကြီးများက ကန့်ကွက်ထားကြသည်။ အာပတ်ဖြေခြင်းရဲ့ လျှို့ဝှက်ချက်ကို ဖေါ်ထုတ်ရမယ် ဆိုတာနဲ့ မတော်မတာရား လုပ်ရပ်များကို လျှော့ချနိုင်မည်မဟုတ်ကြောင်း၊ အာပတ်ဖြေခြင်း၏ လျှို့ဝှက်ခြင်းကို ယုံကြည်သောကြောင့် လူများက အာပတ်ဖြေခြင်းဖြစ်သည်။ ချိုးဖေါက်ရမည်ဆိုလျှင်မည်သူမျှ အာပတ်ဖြေတောမည့် မဟုတ်ဟုဆိုသည်။ ကလေးများအား ကာကွယ်စောင့်ရှောက် ယခုလုပ်ရပ်ထက်သာလွန် ကောင်းမွန်ထိရောက်သော လမ်းစဉ်များကို အသုံးပြုနိုင်သည်၊ အသင်းတော်မှလည်း ကူညီမည်ဟုဆိုသည်။

ဘုန်းတော်ကြီး များကလည်း လျှို့ဝှက်ချက်ကို ဖေါက်ဖျက်မည့်အစား ထောင်ကျခံမည်ဟု ဆိုကြသည်။ ဘုန်းတော်ကြီးများသာမက အခြား ဥပဒေ တတ်ကျွမ်းသူများလည်း ဤအချက်ကို ကန့်ကွက်ကြသည်

# ကလေးငယ်ပေါင်း ၇ သိန်း ၇ သောင်းကျော် အငတ်ဘေးကြုံတွေ့နေရ



ပြည်တွင်းစစ်များ၊ လက်နက်ကိုင် ပဋိပက္ခများနှင့် ရင်ဆိုင်နေရသော ဒီမိုကရက်တစ် ကွန်ဂို နိုင်ငံ ကာဆိုင်းဒေသတွင် အသက် ၅ နှစ်အောက် ကလေးငယ်ပေါင်း ၇သိန်း ၇သောင်းကျော်တို့သည် အစာရေစာ ပြတ်လပ်မှု ဘေးနှင့် ရင်ဆိုင်နေရသည်ဟု ကက်သလစ် ဆရာတော်ကြီးများက ထုတ်ပြန်ခဲ့ပြီး စားနပ်ရိက္ခာ အကူအညီပေးကြရန် မေတ္တာရပ်ခံခဲ့သည်။

ဆရာတော်ကြီးများသည် ထိုဒေသ သို့သွားရောက်လည်ပတ်ပြီး အစားအစာ ပြတ်လပ်ကာ အတိဒုက္ခရောက်နေသည့် အဖြစ်ဆိုးကို သူတို့ ကိုယ်တိုင် မြင်တွေ့ခဲ့ရသည်ဟု ထုတ်ပြန်ခဲ့သည်။

ယခုအချိန်သည် ခြောက်သွေ့ရာသီ စတင်ပြီ ဖြစ်သဖြင့် အစာရေစာ ပိုမို ခမ်းခြောက်တော့မည် ဖြစ်သည်။ ကလေးငယ်များအား ထိန်းကျောင်းသူ မရှိသောကြောင့် ထောင်နဲ့ချီသော ကလေးငယ်များ သေကြေပျက်စီးရလိမ့်မည်ဟု သတိပေးခဲ့သည်။

ကရုဏာ-ကွန်ဂိုသည် ဒေသခံ ကရုဏာရုံများနှင့် လက်တွဲကာ အတတ်နိုင်ဆုံး ကျိုးပမ်း လုပ်ဆောင်နေသော်လည်း လက်ရှိ အခက်အခဲသည် အီဘိုလာ ကပ်ရောဂါ ဖြစ်စဉ်ကထက် ပိုဆိုးရွားလိမ့်မည် ဖြစ်ကြောင်း ခန့်မှန်းထားသည်။

တိုက်ပွဲများ အဆက်မပြတ် ဖြစ်ပွါးနေသောကြောင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများ လုပ်ရန် မဖြစ်နိုင်သည့် အနေအထားတွင် ရှိနေသည်။ ၂၀၁၆ ခုနှစ်တွင် သက်တမ်းကုန်ခဲ့သော သမ္မတ ကာဘီလာသည် ရာထူးမှ ဆင်းမပေးဘဲ တွယ်ကပ်နေရာ ရွေးကောက်ပွဲ ကော်မရှင်မှလည်း ရွေးကောက်ပွဲ လုပ် ပေးနိုင်စွမ်းမရှိတော့ပေ။

ကွန်ဂိုအလယ်ပိုင်းဒေကို နယ်မြေ ၅ ခုခွဲပြီး အုပ်ချုပ်ထားသော်လည်း နိုင်ငံရေးပြဿနာများ အပြင် မြေယာလုပွဲများ၊ သယံဇာတ လုပွဲများကြောင့် စစ်ပွဲမှာ အပြီးမသတ်နိုင်အောင် ဖြစ်နေသည်။

ထိုဒေသသည် အလွန် တန်ဘိုးကြီး သောစိန်များ ထွက်ရာဒေသဖြစ်သည်။ သို့သော် အတ္တလောဘကြီးသူတို့ကြောင့် လူအများမှာ ဆင်းရဲကာ အငတ်ဘေး ဆိုက်ခြင်းများ မကြာခဏဖြစ်ပွါးလေ့ရှိသည်။

Ref: Vatican News

# ယူဂန်ဒါ နိုင်ငံတွင် ဓမ္မအာဇာနည်များ အထိမ်းအမှတ် ပွဲတော်သို့ သန်းချီသော ဘုရားဖူးများ လာရောက်ပါဝင်



နှစ်စဉ် ဇွန်လ ၃ ရက်နေ့တွင်ကျင်းပ လေ့ရှိသော ယူဂန်ဒါ ဓမ္မအာဇာနည်များ ပွဲနေ့တွင် ယူဂန်ဒါ နိုင်ငံသားများသာမက အခြား အိမ်နီးချင်း နိုင်ငံများဖြစ်သော မာလဝီ၊ တန်ဇန်နီးယား၊ ကင်ညာ၊ တောင်အာဖရိက၊ နိုက်ဂျီးရီးယား၊ ဇင်ဘာဘွေ၊ ကွန်ဂိုနိုင်ငံများသာမက ဂျပန် နှင့် အမေရိကန် နိုင်ငံများမှလည်း လာရောက် လေ့ရှိသည်။ ယခုနှစ်လာရောက်သော ဘုရားဖူး ဦးရေမှာ ၄ သန်းရှိမည်ဟု ရဲများက ခန့်မှန်းခဲ့သည်။

လူတွေက နှစ်တိုင်း ဒီကိုလာကြတာက သူတို့ တောင်းတဲ့ဆုတွေ ပြည့်တယ်လို့ ယုံကြည်ကြလို့ လာရောက်ကြခြင်း ဖြစ်ကြောင်း ဗိမာန်တော်အား စောင့်ရှောက်သူများ အဖွဲ့ဝင် ဖရန်စစ်က CNA သတင်းထောက်အား ရှင်းပြသည်။

သူတို့အထဲတွင် ၂ ပတ်ခန့် ခြေလျင် လျှောက်လာခဲ့သော အသက် ၉၀ အရွယ်ရှိ ဘယ်နာဒို အမ်ဖီး ဆိုသည့် အဖိုးအို တစ်ဦးလည်း ပါဝင်သည်။ "ကျနော် ငယ်ငယ်ကတည်းက ဒီကို အမြဲလာတယ်၊ ကျနော် အကြိုက်ဆုံး အာဇာနည်က အင်ဒရူး ကာဂဝါ ပါ။ ကျနော့်ရဲ့ ယုံကြည်ခြင်း ခိုင်မာဖို့ ဆုတောင်း ခဲ့တယ်။ ဒီနှစ်တော့ ကျနော့်မိသားစုအတွက် ဆုတောင်းမယ်၊ ငြိမ်းချမ်းခြင်းရဖို့ ဆုတောင်းပါ့မယ်။"

ယူဂန်ဒါ၏ ဓမ္မအာဇာနည်များမှာ ၁၈၈၅ မှ ၁၈၈၇ နှစ်များအတွင်း အသတ်ခံခဲ့ရသူ ၂၂ ဦးနှင့် ၁၉၁၈ ခုနှစ်တွင် အသတ်ခံရသူ နှစ်ဦးတို့ပါဝင်သည်။ ထိုနှစ်များအတွင်း အင်္ဂလိကန် အသင်းတော်မှလည်း ၂၃ ဦး အသတ်ခံခဲ့ရသည်။

၁၈၀၀ များတွင် ဥရောပတိုက်မှ ကိုလိုနီ နယ်ချဲ့များ အာဖရိကသို့ ဝင်လာချိန်ဖြစ်ပြီး သာသနာ ပြုများ ရောက်လာချိန်လည်း ဖြစ်သည်။ သာသနာပြုလုပ်ငန်းများ အောင်မြင်သည်ဖြစ်ရာ ဘုရင်၏ အမှုထမ်းများသည်လည်း ခရစ်ယာန် အယူဝါဒကို လက်ခံ ယုံကြည်ခဲ့ကြသည်။

ဘုရင်အတွက်မူ ခရစ်များ ထွန်းကားလာခြင်းသည် သူ၏ အာဏာကို ခြိမ်းခြောက်သည်ဟု မှတ်ယူကာ ခရစ်ယာန်များအား ရှင်းလင်း သုတ်သင်ရန်ခဲ့သည်။

ပထမဦးဆုံးသူမှာ ၁၈၈၅ခု နိုဝင်ဘာလ ၁၅ ရက်တွင် အသတ်ခံရသူ ဂျိုးဇက် မူကာဆာ ဖြစ်ပြီး ခေါင်းဖြတ်ကာ မီးရှို့ခံခဲ့ရသည်။

အခြားသူများမှာ ၁၈၈၆ ခု မေလ အတွင်း အသတ်ခံရသူများ ဖြစ်သည်။ သူတို့အား သတ်မည့် နေရာအထိ ခြေလျင်လျှောက်ခိုင်းရာ အချို့မှာ မလျှောက်နိုင်သဖြင့် လမ်းခရီးမှာပင် အသတ်ခံရသည်။ အရက်စက်ဆုံး အသတ်ခံရသူမှာ မာသီယာ့စ် ကာလင်ဘာ မူလူဘာ ဖြစ်သည်။ သူသည် လမ်းဆက် မလျှောက်နိုင်တော့ သဖြင့် သတ်ရန်တောင်းဆိုခဲ့ရာ ဦးစွာလက်များကို ဖြတ်ပစ်ခဲ့ပြီး အသားတချို့ကို လှီးထုတ်ခဲ့သည်။ ဒုတိယနေ့တွင် ခြေများကိုဖြတ်ကာ သွေး အလိမ်းလိမ်းဖြင့် ထားခဲ့သည်။ တတိယရက် ရောက်မှသာ သွေးလွန်ပြီး သေခဲ့သည်။ ဇွန်လ သုံးရက် နေ့တွင် ချားလ်စ်လွမ်ဂါနှင့် အပေါင်းပါတို့အား မီးရှို့သတ်ခဲ့သည်။ သူတို့သည်လည်း မိမိတို့အား သတ်မည့် မီးဖိုကို ပြင်ဆင်စေခဲ့သည်။

ဤဓမ္မအာဇာနည်များအား ကြည်ညိုခြင်းသည် လူများအကြားတွင် ရှိနေပြီး ၁၉၂၀ တွင် သူတို့အား သူတော်မြတ် အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၆၄ ခု အောက်တိုဘာလ ၁၈ ရက်နေ့တွင် ရဟန္တာ အဖြစ် တင်မြှောက်ခဲ့သည်။ သူတို့အပေါ် ထားရှိသော ကြည်ညိုခြင်းသည် လူများအကြားတွင် ယနေ့တိုင် ခိုင်မြဲလျက်ရှိနေသည်။

Ref: CNA

# ရခိုင်အရေး၊ နိုင်ငံတကာဆက်ဆံရေးအခြေအနေများနှင့် ပတ်သက်ပြီး နိုင်ငံခေါင်းဆောင်များအစည်းအဝေးကျင်းပ

ရခိုင်ပြည်နယ် အရေးကိစ္စ အပါအဝင် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေးအခြေအနေများနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ဇွန်လ ၈ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် ကုလ သမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ရုံး (UNHCR) နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)နှင့် နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့သည့် အခြေအနေများ၊ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းမှု အခြေအနေများ၊ ရွန်ဂရီလာဒိုင်ယာလော့ခ်နှင့် ဆက်စပ်ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်နှင့် နယ်စပ်လုံခြုံရေး ကိစ္စရပ်များ ဆွေးနွေးကြကြောင်း သမ္မတရုံး ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစည်းအဝေးသို့ နိုင်ငံတော်



သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများ ဖြစ်သည့် ဦးမြင့်ဆွေ၊ ဦးဟင်နရီ ဗန်ထီးယူ၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ် ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့် ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော် တင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် သမ္မတရုံး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမင်းသူတို့ တက်ရောက်ကြသည်။

ယခုအစည်းအဝေးသည် ကာလုံအဖွဲ့အဝင်များ အားလုံးပါဝင်သည့် နိုင်ငံခေါင်းဆောင်များ အစည်းအဝေး ဖြစ်သော်လည်း အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးဟု ခေါင်းစဉ်တပ် ဖော်ပြခဲ့ခြင်း မရှိပေ။

ချမ်းဇော်အောင်

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးမှုများရှိခဲ့

ပြီးခဲ့သည့် မေလအတွင်းက ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်များကြောင့် မြန်မာနိုင်ငံနေရာအနှံ့အပြား မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ဒေသအချို့ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ဧရာဝတီ စသည့်တိုင်းဒေသကြီးများနှင့် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် ရေဘေးဒုက္ခများနှင့် ကြုံတွေ့နေရကြောင်းသိရသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ပေါ်ဒေသအချို့တွင် မြေပြိုခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများ ကြုံတွေ့ခဲ့ရသည်။ ဇွန်လ ၁၅ ရက်နောက်ပိုင်း အဆိုးဆုံးကြုံတွေ့မှု တစ်ရပ်အဖြစ် မွန်ပြည်နယ် (၇) မြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ကာ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ ကယ်ဆယ်ရေးစခန်းများ အများအပြား ဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် ဘေးဒုက္ခများကြုံတွေ့နေရသော နေရာများကိုလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး ဦးဆောင်ကာ ကယ်ဆယ် ထောက်ပံ့ရေး ကိစ္စရပ်များ ဆောင်ရွက်လျက်ရှိသည်။

7 Days News သတင်းဌာန၏ အတည်ပြု ဖော်ပြထားချက်များအရ မုန်တိုင်းငယ်ကြောင့် လူ ၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး နေအိမ်တစ်ထောင်ကျော်ပျက်စီးခဲ့ကာ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် လူဦးရေ လေးသောင်း ရေဘေးသင့်ကာ မြေပြိုမှုဘေးကြောင့် သေဆုံးသူ အနည်းဆုံး ၂၀ ဦးရှိကြောင်း သိရသည်။



ချမ်းဇော်အောင်

# မူးယစ်ဆေးသတင်းပေးတိုင်ကြားသူများကို နိုင်ငံတော်ချီးမြှင့်ငွေနှင့် အခွန်ကင်းလွတ်ခွင့် အထူးအခွင့်အရေးများပေးအပ်မည်

မူးယစ်ဆေးဝါး ရောင်းဝယ် ဖောက်ကားသူများအကြောင်း သတင်းပေးတိုင်ကြားသူများကို နိုင်ငံတော်၏ ချီးမြှင့်ငွေနှင့် အခွန်ကင်းလွတ်ခွင့် အထူးအခွင့်အရေးများ ပေးအပ်မည်ဟု နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ပြောကြားခဲ့သည်။

ဇွန်လ ၂၆ ရက်ကကျင်းပသော တရားမဝင် ရောင်းဝယ် မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင် ရာကွန်ဗင်းရှင်း ဗဟိုဌာန- ၂ ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်တက်ရောက်ခဲ့ပြီး ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"မူးယစ်ကုန်သည်တွေ၊ ရောင်းဝယ် ဖောက်ကားသူတွေရဲ့ တရားမဝင် ပိုင်ဆိုင်မှုတွေကို သတင်းပေး တိုင်ကြားသူ၊ လက်ရဖမ်းဆီးသူနဲ့ နိုင်ငံတော်အစိုးရ သင့်တင့်လျောက်ပတ်တဲ့ အချိုးအစားနဲ့ ပြန်လည်ခွဲဝေပေးမှာ ဖြစ်ပါတယ်။ သတင်းပေးတိုင်ကြားသူတွေကို ထိုက်ထိုက်တန်တန် ဆုကြေး ချီးမြှင့်ပေးရမှာ သူတို့ရဲ့လုံခြုံရေးကို အထူးဂရုပြုတဲ့အနေနဲ့ သတင်းထုတ်ပြန်ခြင်း ပြုလုပ်မှာ မဟုတ်သလို နိုင်ငံတော်ရဲ့ ချီးမြှင့်ငွေ ဖြစ်တဲ့အတွက် အခွန် ကင်းလွတ်ခွင့် အထူး အခွင့်အရေး ကိုလည်း ပေးအပ် သွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ၏ အမိန့်ဖြင့် "မူးယစ်ဆေးဝါး အထူးသတင်းပေး တိုင်ကြားရေးဌာန" ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပြီး မူးယစ်တိုက်ဖျက်ရေးသတင်းများ ပေါက်ကြားမှုမရှိအောင် မူးယစ်တိုက်ဖျက်ရေးဗဟိုအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲ ကြီးကြပ်မှုအောက်တွင် "မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးအဖွဲ့" ကိုလည်း သီးခြားဖွဲ့စည်းထားရှိပြီး ဖြစ်ကြောင်း ၎င်းကဆိုသည်။

ထို့အပြင် အသစ်ဖွဲ့စည်းထားသော မူးယစ်နှိမ်နင်းရေးအဖွဲ့၏ နည်းစနစ်၊ စွမ်းရည်များနှင့် ပတ်သက်၍ နိုင်ငံတော် သမ္မတက သတင်းပေးတိုင်ကြားသူများမှ ပေးပို့လာတဲ့ သတင်းအချက် အလက်တွေကို အခြေခံပြီး အထူးအဖွဲ့ကို စေလွှတ်သွားမည်ဖြစ်ကြောင်း အထူးအဖွဲ့ရဲ့ လုပ်ရှားဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက် များ မပေါက်ကြားအောင် အချိန်တိုတိုအတွင်း လျှပ်တစ်ပြက်သွားရောက် ဖမ်းဆီးနိုင်အောင် အမိန့်ပေး ကွပ်ကဲမှု လမ်းကြောင်းကို အတိုဆုံးဖြစ်အောင် စနစ်တကျ ပြင်ဆင်ထားကြောင်း ပြောကြားခဲ့သည်။




နိုင်ငံတော်သမ္မတဦးဝင်းမြင့် တက်ရောက် အမှာစကား ပြောကြားခဲ့သည့် ၎င်းအခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်

စာမျက်နှာ ၂၁ သို့

# လူငယ်နှင့် ပညာရေး

"လူငယ်များဟူသည်မှာ အမြုတ်တနိုးထားပြီးမြေတောင်မြှောက်ပေးရမည့် လက်ဆောင်မွန်တစ်ခု၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် အရည်အသွေးရှိသော ပညာရေးကို မှန်ကန်စွာဖန်တီးပေးလျှင် ကြီးမားစွာ အကျိုးဖြစ်ထွန်းစေမည့်ရင်းနှီးမြုပ်နှံမှုတစ်ခု ဖြစ်ပါသည်။ ၎င်းသည် သားစဉ်မြေးဆက်များအကြားတရားမျှတမှုအတွက် အရေးပေါ်လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ ရုတ်ချည်းပြောင်းလဲနေပြီးချိတ်ဆက်မှု အားကောင်းလာလျက်ရှိသောကမ္ဘာကြီးရှိမြန်မာနိုင်ငံ၏ အနာဂတ်သည် လူငယ်များအားလေ့ကျင့်ပျိုးထောင်ပေးမှုအပေါ်တွင် မူတည်ပါသည်။ ထိုသို့ လူငယ်များအားလေ့ကျင့်ပျိုးထောင်ရာတွင် နည်းပညာနယ်ပယ်များဆိုင်ရာအတတ်ပညာများသာမက ဖြောင့်မတ်ရိုးသားခြင်း၊ သိက္ခာသမာဓိရှိခြင်းနှင့် လူသားချင်းစာနာစိတ်ထားရှိခြင်းစသည့် နီတိတန်ဖိုးများကိုလည်းသင်ကြားပေးရန် လိုအပ်ပါသည်။"

ကက်သလစ်ခရစ်ယာန် ဘာသာဝင်များအနေဖြင့် အထက်ပါမိန့်ခွန်းကိုမှတ်မိဦးမည်ထင်ပါသည်။ ပြီးခဲ့သည့် ၂၀၁၇ နိုဝင်ဘာလ ၂၈ ရက်ကနေပြည်တော်တွင် အစိုးရအဖွဲ့ဝင်များကိုပြောကြားခဲ့သောပုပ်ရဟန်းမင်းကြီးဖရန်စစ်၏ မိန့်ခွန်းပင်ဖြစ်ပါသည်။

ပြီးခဲ့သည့်၂၀၁၈တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကိုဇွန်လ၂၅ရက်ကထုတ်ပြန်ခဲ့ပြီးတစ်နိုင်ငံလုံးအနေဖြင့် အောင်ချက်၃၂ ဒသမ ၈၂ ရာခိုင်နှုန်းရှိရာဖြေဆိုသူ ၇၈၀,၀၀၀ ကျော်အနက်၂၅၀,၀၀၀ကျော်အောင်မြင်ခဲ့ခြင်းဖြစ်သည်။

ဤသည်မှာ မြန်မာ့ပညာရေးတွင် ထင်ရှားအရေးပါသောအကြောင်းအရာတစ်ခုဖြစ်သည်။ မည်သို့ပင်ဆို စေကာမူ ၁၀ တန်းအောင်မြင်ခြင်းနှင့် ကျရှုံးခြင်းတည်းဟူသော မြန်မာ့ပညာရေး၏ အဆုံးအဖြတ်သည် မြန်မာလူငယ်ထု၏ ဘဝမျှော်လင့်ချက်တစ်ခုဖြစ်သည်။ အရေးပါအရာဝင်သည့် ကိစ္စဖြစ်သည်။ ထို့ကြောင့် ယခုနှစ်တွင် အသက်အပိုင်းခြားအားဖြင့်၁၄နှစ်နှင့်၂၀ကြား(ပုံမှန်ရှိသင့်သောအသက်အရွယ်အပိုင်းအခြားကိုဆိုလိုသည်) လူငယ် ၂၅၀,၀၀၀ကျော်သည် အောင်မြင်အမှုအတွက် ဝမ်းမြောက်ဂုဏ်ယူကာ အနာဂတ်အိမ်မက်များအတွက် လှုပ်ရှားတက်ကြွနေကြမည်။ ၎င်းအရေအတွက်၏ နှစ်ဆဖြစ်သော လူငယ်များမှာစိတ်ပျက်ဝမ်းနည်းမှုများနှင့် ကြုံတွေ့နိုင်သည်။ အောင်မြင်သူများအတွက် ပျော်ရွှင်ရသည်။ ကျရှုံးသူများအတွက် ဝမ်းနည်းရသည်။ထိုကျောင်းသားလေးများ၏ အောင်မြင်မှု၊ ရှုံးနိမ့်မှု ဒဏ်ရာများသည် ၎င်းတို့၏ ဆွေမျိုးများကိုလည်းရိုက်ခတ်သည်။ ဤသည်ကား မြန်မာ့ပညာရေး၏ စနစ်ပင်ဖြစ်သည်။



တိုင်စောင်းလျှင်အိမ်ပါစောင်းသည်။စနစ်မကောင်းလျှင် ၎င်းစနစ်နဲ့ သက်ဆိုင်သည့် လူ့အဖွဲ့အစည်းတစ်ခုလုံးကိုပါ ထိခိုက်နစ်နာသည်။ ၎င်းစနစ်၏ အကျိုးဆက်ကို ၎င်းလူ့အဖွဲ့အစည်းက တာဝန်ယူရသည်။ ထိုစနစ်များထဲတွင် ပညာရေးစနစ်သည် လူ့အဖွဲ့အစည်း၏အသက်ပင်ဖြစ်သည်။ ဤသည်ကိုမိဘများကအစိုးရလုပ်ရမည့် အလုပ်ဟူ၍ လွဲမှားစွာလျစ်လျူမရှုသင့်ပေ။

မိမိသားသမီး၏ ပညာရေးသည် မိမိနှင့်ဆိုင်သည် မဟုတ်ပါလော။ "ပညာရေးဆိုရာတွင် ပိုက်ဆံကောင်းကောင်းရရေးအတွက်သာမဟုတ်၊ ဂုဏ်ဒြပ်တစ်ခုအတွက်သာမဟုတ်" ဟု ပညာရှင်များက မကြာခဏသတိပေးခဲ့ဖူးသည်။

> **လူငယ်များထံမှ မျှော်လင့်ခြင်းကို လုယူဖျက်စီးခြင်း မပြုရန်၊ နိုင်ငံတော်နှင့် လူသားမျိုးနွယ်တစ်ခုလုံး၏ အနာဂတ်ကို ပုံသွင်းပေးမည့် သူတို့၏ စိတ်ကူးအိပ်မက်များ နှင့် အရည်အချင်းများအား လက်တွေ့ အကောင်ထည်ဖေါ်ခြင်းကို မဟန့်တားရန် အရေးကြီးပါသည်။**

"ပညာရေးအားဖြင့်သာမိမိကိုယ်မိမိရှာဖွေနိုင်လိမ့်မည်။ စစ်မှန်သောသောပညာရေးသည် ငြိမ်းချမ်းသောအသက်တာကိုဖန်တီးပေးသည်"ဟုပုပ်ရဟန်းမင်းကြီးဖရန်စစ်ကမိန့်ဆိုခဲ့ဖူးသည်။

၎င်း၏ နေပြည်တော်မိန့်ခွန်းတွင်လည်း လူငယ်များကို ဖြောင့်မတ်ရိုးသားခြင်း၊ သိက္ခာသမာဓိရှိခြင်းနှင့်လူသားချင်းစာနာစိတ်ထားရှိခြင်းစသည့် နီတိတန်ဖိုးများကိုလည်းသင်ကြားပေးရန် မြန်မာအစိုးရအဖွဲ့ဝင်များနှင့် မြန်မာလူထုအား ပုပ်ရဟန်းမင်းကြီးကသတိပေးထောက်ပြခဲ့သည်။

ထို့ကြောင့် စာသင်ကျောင်း သွားထားပြီး၊ အကောင်း ဆုံးကျူရှင်ကိုထားပေးနိုင်ခြင်းကိုပင် မိဘတာဝန်ကျေသည်ဟု မခေါ်ဆိုနိုင်ပေ။ စစ်မှန်သောကိုယ်ကျင့်တရားကိုလည်းလမ်းညွှန် သင်ကြားပေးရန်လိုသည်။ "ပညာရေးစနစ်ဆိုးဝါးမှုကြောင့် သန်းနှင့်ချီသော မြန်မာလူငယ်ထုသည် ပြည်ပနိုင်ငံများတွင် နိမ့်ကျသောအလုပ်များကိုလုပ်ကိုင်နေရသည်။ မူးယစ်ဆေးဝါး၏ သားကောင်များဖြစ်နေကြသည်။ အမုန်းစကားတွေရဲ့ဒဏ်ခံနေရတယ်။ အဆင့်အတန်းမရှိဘဲနေရတယ်" ဟု မြန်မာကာဒီနယ်ချားဘိုလ်က ပြီးခဲ့သည့် ဧပြီလကကျင်းပခဲ့သောအဌမအကြိမ်မြောက်မြန်မာနိုင်ငံလုံးဆိုင်ရာလူငယ်ပွဲတွင် ပြောကြားခဲ့သေးသည်။

စင်စစ် မိမိသားသမီး၊ ဆွေမျိုးများ၏ ပညာရေးကိစ္စသည် မိမိတို့၏ကိစ္စ၊ မိမိလူမျိုး၊ မိမိတိုင်းနိုင်ငံ၏ အရေးကိစ္စတစ်ရပ်ပင်ဖြစ်သည်။

ထိုအကြောင်းနှင့်ပတ်သက်ပြီး "ပညာရေးအတွက် မိဘနှင့် ဆရာအပြန်အလှန် အပြစ်တင်နေမည့်အစားကလေးငယ်များရင်ဆိုင်နေရသောအခက်အခဲများကျော်လွှားနိုင်ရန် တစ်ဦးနှင့်တစ်ဦးပွင့်လင်းစွာလက်တွဲဆောင်ရွက်ပြီ ၎င်းတို့၏ စစ်မှန်သောတန်ဖိုးများကိုရှာဖွေတည်ဆောက်ပေးရမည်" "သားသမီးပညာရေးအတွက် မိဘများပါဝင်ရ မည်"ဟု ယခု

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၀ မှအဆက်

နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ သံအမတ် ကြီးများနှင့် စစ်သံမှူး များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ် များ၊ မူးယစ်ဗဟိုအဖွဲ့ဝင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဆုရရှိကြ သူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်းပြည်ပသတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လူငယ်များသည် မူးယစ်ဆေးဝါး၏ သားကောင်များ ဖြစ်နေ ကြသည့်အတွက် တိုင်းပြည်ရဲ့အနာဂတ်ကို ကျရှုံးမှု နွံတွင်းပို့နေသကဲ့သို့ ခံစားရကြောင်း၊ မူးယစ်ဆေးဝါးများ ဖောဖောသီသီရှိနေခြင်းသည် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဒဏ်ကြောင့်ဖြစ်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်း မြင့်တက်လာခြင်းနှင့်အတူ စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်ပြီး ရာဇဝတ်မှုတွေ ထူပြောလာခြင်း ဆိုးကျိုးသံသရာ ဖြစ်ပေါ် နေကြောင်း ၎င်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတက ဆိုသည်။

"ဒီကနေ့ ဒီအချိန်မှာ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေကို လူညွှန့်တုံးစေမယ့် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ရန် တစ်နိုင်ငံလုံး၊ ပြည်သူတစ်ရပ်လုံးရဲ့ အမျိုးသားရေး တာဝန်ကြီးတစ်ရပ်အဖြစ် အရှိန်အဟုန် မြှင့်တင် ကြိုးပမ်းကြဖို့ အထူးပဲ အရေးကြီးပါတယ်။ ဒီကနေ့ ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ်နဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို မတိုက်ဖျက်နိုင်ဘူး ဆိုရင် နောင်လာမယ့် ဆယ်စုနှစ်အတွင်းမှာ ကျွန်တော်တို့ နိုင်ငံရဲ့ အနေအထားဟာ မတွေးဝံ့စရာ အခြေအနေကို ဆိုက်ရောက်လာနိုင်ပါတယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်း တစ်ရပ်လုံးကို ဖြည်းဖြည်းချင်း ဝါးမျိုပြီး ကျွန်တော်တို့ရဲ့ လူငယ်တွေကို အညွှန့်ချိုးနေတဲ့၊ ကျွန်တော်တို့ နိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့ အနာဂတ်ကို တစ်စစီ နင်းချေပစ်နေတဲ့ ဒီမူးယစ်ဆေးဝါးအန္တရာယ်ကို ကျွန်တော်တို့အားလုံး ပြည်သူနဲ့အတူ စုပေါင်းပြီးနှိမ်နင်းကြဖို့ အထူးအလေးအနက်ထား တိုက်တွန်းပြောကြားလိုပါတယ်။" ဟု နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ပြောကြားခဲ့သည်။

အမျိုးသားဒီမိုကရေစီအစိုးရလက်ထက်၂၀၁၇-၂၀၁၈ ခုနှစ် အတွင်း ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါး အမှုပေါင်း ၁၃၆၄၀ မှု ရှိခဲ့ပြီး ကာလတန်ဖိုးမှာ ကျပ်သန်းပေါင်း ၅၂၀,၀၀၀ ကျော် ရှိခဲ့ကြောင်း သမ္မတရုံးထုတ်ပြန်ချက် အရသိရသည်။

ချမ်းဇော်အောင်

နှစ် ဇန်နဝါရီလထဲကကျင်းပခဲ့သော အီတလီကက်သလစ်ဆရာများအဖွဲ့ညီလာခံတွင် ပုပ်ရဟန်းမင်းကြီးကမိန့်ကြားခဲ့သည်။

အချုပ်ဆိုရသောမိဘများအနေဖြင့် ပညာသင်ခြင်းသည် ဆရာများ၏အလုပ်၊ ပညာရေးစနစ်သည် အစိုးရ၏အလုပ်ဟုမတွေးထင်ဘဲမိမိသားသမီးတို့၏ ပညာရေးအတွက် ကိုယ်တိုင်ပါဝင်ပြီးစစ်မှန်သောပညာရေးဖြစ်သောရိုးသားဖြောင့်မတ်ခြင်း၊ သိက္ခာသမာဓိရှိခြင်းနှင့် လူသားချင်းစာနာစိတ်ထားရှိခြင်းစသော ကိုယ်ကျင့်တရားများကို လက်တွေ့သင်ကြားပြသ၊ လမ်းညွှန်ပေးခြင်းအားဖြင့် ခေတ်တစ်ခေတ်ကို တည်ဆောက်ကြရန် လိုအပ်ပါသည်။

"ဒီမိုကရေစီစနစ်အား ခိုင်မာစေခြင်းနှင့် လူ့အဖွဲ့အစည်း၏ အဆင့်တိုင်းတွင် စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ရှင်သန်တိုးပွားစေပါသည်။ သားစဉ်မြေးဆက်များအကြားရှိရမည့် တရားမျှတမှုသည် လူ့လောကနှင့် အတ္တတို့ဖြင့် ဖျက်စီးခြင်းကင်းသော သဘာဝပတ်ဝန်းကျင်တစ်ခုကိုအနာဂတ် မျိုးဆက်သစ်များအတွက် အမွေပေးရန် တောင်းဆိုပါသည်။ လူငယ်များထံမှ မျှော်လင့်ခြင်းကိုလုယူဖျက်စီးခြင်းမပြုရန်၊ နိုင်ငံတော်နှင့် လူသားမျိုးနွယ်တစ်ခုလုံး၏ အနာဂတ်ကိုပုံသွင်းပေးမည့် သူတို့၏ စိတ်ကူးအိပ်မက်များ နှင့် အရည်အချင်းများအား လက်တွေ့အကောင်ထည်ဖော်ခြင်းကို မဟန့်တားရန် အရေးကြီးပါသည်။"

(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ နေပြည်တော်တွင် ပြောကြားခဲ့သောပုပ်ရဟန်းမင်းကြီး၏ မိန့်ခွန်းမှ)

ပီတာ(လှိုင်း)

*မြန်မာနိုင်ငံ၏ လက်ရှိပညာရေးစနစ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲသည် ကျောင်းသား ကျောင်းသူများ၏ အနာဂတ်ဘဝတစ်ခုလုံးကို အဆုံးအဖြတ်ပေးသော အရာတစ်ခုဖြစ်နေသည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား တွေ့ဆုံမေးမြန်းကာ ကြိုးစားနေဆဲဖြစ်သော ကျောင်းသား ကျောင်းသူများ နမူနာယူ ခွန်အားယူစေနိုင်ရန် တွေ့ဆုံမေးမြန်းဝေမျှထားပါသည်။ မြန်မာနိုင်ငံ၏ မတူညီသော ဒေသများမှ မတူညီသော အခြေခံအကြောင်းတရားများရှိသော်လည်း ဘုရားသခင်၏ ကျေးဇူးတော်ဖြင့် အောင်မြင်ခဲ့ကြသော သူများအားလုံးအတွက် ဂုဏ်ယူရင်း ကြိုးစားနေဆဲသောသူများအားလည်း ဘုရားရှင် ကောင်းကြီးပေးပါစေကြောင်း တောင်းဆုပြုပေးပါသည်။*

# ၂၀၁၇-၂၀၁၈ တက္ကသိုလ်ဝင်စာမေးပွဲတွင် (၆)ဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် ကလေးသာသနာမှ မရီတာထောင်ရှန်းသွဲ့ကျိန်နှင့် တွေ့ဆုံမေးမြန်းခြင်း

ကလေးသာသနာ၊ စိန်မေရီကယ်သီဒြယ် သာသနာအုပ်စုတွင် နေထိုင်သူ မရီတာထောင်ရှန်းသွဲ့ကျိန် သည် ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည်။



မေး ။ ။မင်္ဂလာပါ။ သမီးက ဒီနှစ်တက္ကသိုလ်ဝင်အောင်စာရင်းမှာ ဘာသာစုံဂုဏ်ထူးနဲ့ ထူးထူးချွန်ချွန်အောင်မြင်ခဲ့တယ်။ ဒီအတွက်မေးခွန်းနည်းနည်းမေးပါရစေ။ အရင်ဦးဆုံး သမီးရဲ့ မိသားစုနဲ့မိတ်ဆက်ပေးပါအုံး။

ဖြေ ။ ။သမီးကတော့ရီတာထောင်ရှမ်းသွယ်ကျိန်၊အဖေဂျိုးဇက်ကျင်ခင်းလျန်၊ အမေရိုဇားဇမ်ခန့်ဝုန်ကလေးမြို့မှာနေတယ်မောင်နှမခြောက်ယောက်အနက်စတုတ္ထသမီးဖြစ်ပါတယ်။

မေး ။ ။ဘယ်ကျောင်းကအောင်ခဲ့တာလဲ၊ ခုံနံပါတ်ဘယ်လောက်လဲသိပါရစေ။

ဖြေ ။ ။ရွှေလမင်းကိုယ်ပိုင်အထက်တန်းကျောင်းမှ ခုံနံပါတ်စက-၈၂၅ ဖြင့် ဘာသာစုံဂုဏ်ထူးရခဲ့ပါတယ်။

မေး ။ ။ အခုတက တက္ကသိုလ်ဝင်တန်းမှာဘာသာစုံဂုဏ်ထူးရခဲ့တယ်ဆိုတော့ ငယ်ငယ်က ထူးချွန်ဆုတွေကောရခဲ့လား ပြောပြလို့ရမလား။

ဖြေ ။ ။သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပထမ၊ ဒုတိယ၊တတိယအဆင့်များကိုရခဲ့ပါတယ်။ မုံရွာမှာလည်း ထူးချွန်ဖြေခဲ့ဖူးပါတယ်။

မေး ။ ။ဘာသာစုံဂုဏ်ထူးရဖို့ဘယ်လိုတွေကြိုးစားခဲ့ရလဲ။

ဖြေ ။ ။ဆရာ၊မတွေပေးတဲ့အချိန်ဇယားတိုင်း ပုံမှန်ကျက်ခဲ့တယ်။ ကိုယ်ပိုင်အချိန်ဇယားလဲဆွဲပြီးတော့ကျက်ခဲ့ပါတယ်။ တနေ့ပေးတဲ့စာတနေ့ရအောင်ကျက်ခဲ့ပါတယ်။ ဆရာ၊မများသင်ကြားသော စာများစိတ်ဝင်စားစွာ သင်ယူကျက်မှတ်နိုင်ဖို့စာသင်ချိန်မရောက်ခင်အမြဲဆုတောင်းခဲ့ပါတယ်။

မေး ။ ။ဘာသာစုံ ဂုဏ်ထူးရမယ်လို့ကိုယ့်ကိုယ်ကိုမျှော်လင့်ထားပါသလား။

ဖြေ ။ ။ဘာသာစုံဂုဏ်ထူးရဖို့တော့မမျှော်လင့်ပါဘူး။ မြန်မာစာကိုမိမိကျေနပ်လောက်တဲ့အထိ မဖြေဆိုနိုင်ခဲ့လို့ပါ။

မေး။ ။ဘာသာစုံဂုဏ်ထူးရတော့ဘယ်လိုခံစားရလဲ။

ဖြေ။ ။ဘာသာစုံဂုဏ်ထူးရတယ်လို့ကျောင်းကဖုန်းဆက်တော့ မိသားစုအားလုံးပျော်ရွှင်စွာနှင့်လက်ခုတ်တီးကြပါတယ်။ ပြီးတော့မိသားစုအားလုံး ဘုရားစင်ရှေ့ချက်ချင်းသွားပြီးဘုရားကိုကျေးဇူးတင်ချီးမွမ်းဆုတောင်းတယ်။

မေး။ ။ပညာသင်ချိန်အတွင်းမှာမိမိရဲ့ခွန်းအားယူတဲ့ကျမ်းပုဒ်ရှိလား၊ ရှိရင်ပြောပြပေးပါအုံး။

ဖြေ။ ။သုတ္တံကျမ်း (၂၁း၃၁) စစ်တိုက်ရာကာလအဘို့မြင်းများကိုပြင်ဆင်သော်လည်း၊ ထာဝရဘုရား၏ ကျေးဇူးတော်ကြောင့်ချမ်းသာရပါ၏။ ဆိုတဲ့ကျမ်းချက်နဲ့ခွန်အားယူပြီး စာကိုကြိုးစားသင်ယူပါတယ်။

မေး။ ။ကက်သလစ်ဘာသာသူအယောက်အနေနဲ့နိုဗီနာ၊ စိတ်ပုတီးစိပ်တာတို့လုပ်ဖြစ်လား။

ဖြေ။ ။စာကျက်ပြီး အိပ်ယာမဝင်ခင် စိတ်ပုတီး (၅၀)အချိန်ယူပြီး စိပ်ဖြစ်ပါတယ်။ အိမ်မှာရှိတဲ့မိသားစုတွေလဲတစ်လ(၁)ကြိမ်နိုဗီနာအမြဲလုပ်ပေးပါတယ်။ မွန်စွားတရားလည်း အမြဲတောင်းပေးပါတယ်။

မေး။ ။ရှေ့ဆက်ပြီးဘယ်ကျောင်းကိုတက်မယ်၊ဘာရည်ရွယ်ချက်တွေရှိလဲဆိုတာကိုပြောပြပေးလို့ရမလား။

ဖြေ။ ။အမှတ်မီရင်တော့ဆေးကျောင်းတက်ချင်တာ၊ ဒါမေမယ့်အမှတ်ကမမီတော့ ဆေးဝါးကျွမ်းကျင်တက်ဖို့ စိတ်ကူးထားပါတယ်။

မေး။ ။ ကျောင်းပြီးသွားရင်ဘာတွေလုပ်ဖို့စိတ်ကူးရှိလဲ။

ဖြေ။ ။နိုင်ငံတော်နှင့်သာသနာတော်အကျိုးအတွက်မိမိတတ်နိုင်တဲ့ဘက်ကနေပံ့ပိုးကူညီသွားချင်ပါတယ်။

မေး။ ။စာဖတ်ပရိသတ်များနှင့်အခုတက်နေတဲ့ကျောင်းသူ၊သားများအတွက်ပြောချင်၊ မှာချင်တဲ့စကားလေးရှိရင်ပြောပေးလို့ရမလား

မေး။ ။ဘုရားကိုပဲပထမဆုံးဦးထိပ်ထားပြီးကြိုးစားရင် ဘုရားကလဲကိုယ့်ကိုကောင်းကြီးပေးမယ်။ ကိုယ်ကလည်း ကောင်းကြီးရမယ်ဆိုတာကိုကျောင်းသူ၊သားတွေကိုခွန်အားယူစေချင်ပါတယ်။ကျွန်မကိုအားပေးပြီး ကျွန်မ၏ အောင်မြင်မှု၌ကျွန်မနှင့်အတူဝမ်းသာနေကြသော စာဖတ်ပရိသတ်များ အထူးကျေးဇူးတင်ပါတယ်။

မေး။ ။အခုလိုဖြေကြားပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်။

ဖြေ။ ။သမီးလဲကျေးဇူးအထူးတင်ပါတယ်ရှင့်။

တွေ့ဆုံမေးမြန်းသူ - ကလေးသာသနာမှလူထုဆက်သွယ်ရေးတာဝန်ခံ ဘုန်းတော်ကြီး ဂျိုးဇက် ဖိုးမှန်

# ၄ ဘာသာ ဂုဏ်ထူးရှင် အာခါတိုင်းရင်းသူ မဂျူစီပေါလ်

မေး။ ။သမီးရဲ့ အမည်နဲ့ မိသားစုအကြောင်းလေး မိတ်ဆက်ပေးပါဦး။

ဖြေ။ ။သမီးနာမည်က မဂျူစီပေါလ်ပါ။ အဖေ့နာမည်က ဦးအကီးလယ်အားဆား၊ အမေ့နာ မည်က ဒေါ်ဂျွန်အားနာဘူးထူ ဖြစ်ပါတယ်။ သမီးတို့ မောင်နမ (၅) ယောက်မှာ သမီးက အကြီးဆုံးဖြစ်ပါတယ်။ ဒုတိယက မိုက်ကယ်ပေါလ် (၇)တန်း၊ တတိယက ဖရန်စစ်ပေါလ် (တတိယတန်း)၊ စတုတ္ထက မဒလင်းထွေး (ဒုတိယတန်း) နဲ့ အငယ်ဆုံးက ဝီလီလျှံပေါလ် (ပထမတန်း)ဖြစ်ပါတယ်။ အဖေက ပန်းရံသမား၊ အမေက အာခါအထည်ချုပ်ပါတယ်ရှင့်။

မေး။ ။သမီးအသက် ဘယ်လောက်ရှိပြီလဲ။

ဖြေ။ ။(၁၆) နှစ်ပါ။

မေး။ ။စာသင်ခဲ့တဲ့ကျောင်းက ဘယ်ကျောင်းလဲ။

ဖြေ။ ။ရတနာကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း (ကျိုင်းတုံ)ပါ။

မေး။ ။ဂုဏ်ထူးရဘာသာတွေနဲ့ ရမှတ်ပေါင်းကို ပြောပြပေးပါဦး။

ဖြေ။ ။မြန်မာစာ၊ သင်္ချာ၊ ရူပဗေဒ နဲ့ ဘောဂဗေဒတို့ဖြစ်ပါတယ်။ ရမှတ်ပေါင်းက (၄၄၅)မှတ် ဖြစ်ပါတယ်ရှင့်။

မေး။ ။ဒီလို ဂုဏ်ထူးတွေ ရနိုင်ဖို့ ဘယ်လိုကြိုးစားခဲ့ရလဲ။

ဖြေ။ ။စာသင်ချိန်မပျက်အောင်ကြိုးစားတယ်။ ဆရာ/ဆရာမတွေသင်ပေးတာကို ဂရုတစိုက်နားထောင်ပြီး လေ့လာကျက်မှတ်ခဲ့တယ်။ တစ်ရက်စာ တစ်ရက်ကျေအောင် ပုံမှန်ကြိုးစားတယ်။ ဘုရားကိုလည်း အမြဲအားကိုးပြီးဆုတောင်းခဲ့တယ်။

မေး။ ။၁၀တန်းနှစ်မှာ ဘယ်လိုမျိုးအခက်အခဲတွေ ကြုံတွေ့ရခဲ့လဲ။

ဖြေ။ ။စာသင်ချိန်တွေမှာ စိတ်လေတာတွေရှိခဲ့တယ်။ ပြီးတော့ အပေါင်းအသင်းတွေကြားမှာ စာမရအောင် လာနှောက်ယှက်တာတွေရှိတယ်။

မေး။ ။ဘာသာရပ် (၆)ခုမှာ ဘာဘာသာမှာ အားသာပြီး ဘယ်ဘာသာတွေမှာ အားနည်းခဲ့လဲ။

ဖြေ။ ။သမီးက သင်္ချာဘာသာရပ်မှာ အားသာပြီး မြန်မာစာမှာ အားနည်းပါတယ်။

မေး။ ။သမီးရဲ့ ရည်မှန်းချက်က ဘာဖြစ်မလဲ။

ဖြေ။ ။အင်ဂျင်နီယာတစ်ယောက်ဖြစ်ဖို့ ရည်ရွယ်ထားပါတယ်။

မေး။ ။ဘာသာရေးမှာရော ဘယ်လိုလှုပ်ရှားပါဝင်မှုတွေရှိလဲ။

ဖြေ။ ။သမီးက ပုရွက်ဆိပ်အဖွဲ့ထဲမှာ ပါဝင်ပါတယ်။ သမီးတို့ ဝေါ်နီမ့်ရွာက ဆရာမအားရှာ ဦးဆောင်တဲ့ အဖွဲ့မှာ အဖွဲ့ဝင်နေနဲ့ လှုပ်ရှားပါတယ်။ ဒီအဖွဲ့ကို (၅)တန်းကတည်းက ဝင်ရောက်ခဲ့ပါတယ်။ ဆရာမ အားရှာနဲ့အတူ သမီးတို့ဘုရားကျောင်းမှာ ကျမ်းစာဖတ်တာ၊ မေတ္တာတိုင်တာ၊ သန့်ရှင်းရေးလုပ်တာတို့ စတဲ့ကိုယ်တတ်နိုင်တဲ့ဘက်ကနေ လုပ်အားပေးဆက်ကပ်ပါတယ်။

မေး။ ။သမီးမှာအဒေါ်စစ္စတာရဲ့သုံးပါးရှိတယ်လို့သိရပါတယ်။ ဟုတ်လား။

ဖြေ။ ။ဟုတ်ပါတယ်။ အဒေါ်အကြီးဆုံးက မြော်မြင်ခြင်းသီလရှင်ဂိုဏ်းက စစ္စတာရဲ့ ထရေးဇာလေး၊ အဒေါ်အလတ်က ဂရုဏာရေးသီလရှင်ဂိုဏ်းက စစ္စတာရဲ့ နာတားလျာ ဘူးဆော့၊ အဒေါ်ငယ်က ဂရုဏာရေးသီလရှင်ဂိုဏ်းက စစ္စတာရဲ့ မေရီပေါလ်တို့ ဖြစ်ပါတယ်။

မေး။ ။ကက်သလစ်ဘာသာဝင်တစ်ယောက်အနေနဲ့ သမီး



ကိုယ်သမီး ဘယ်လိုမြင်လဲ။

ဖြေ။ ။ကက်သလစ်ဘာသာဝင်တစ်ယောက်အနေနဲ့သမီး ဂုဏ်ယူပါတယ်။ ဘုရားကို ကျေးဇူးတင်သလို၊ မိဘတွေနဲ့ သာသနာပြုတွေကိုကျေးဇူးတင်ပါတယ်။ ပုရွက်ဆိတ်အဖွဲ့ဝင်တစ်ယောက်အနေနဲ့ ဘုရားကိုတတ်နိုင်တဲ့ ဘက်ကနေ ဆက်ကပ်ခွင့် ပိတိဖြစ်ပါတယ်။

မေး။ ။အခုနှစ် (၁၀)တန်းဖြေဆိုကြမည့် သူများကို အားပေးစကားပြောကြားပေးပါဦး။

ဖြေ။ ။ဆရာ/ဆရာမများစာသင်တဲ့အချိန် ဂရုတစိုက်နားထောင်ဖို့ တစ်ရက်စာတစ်ရက် လေ့လာဖို့ ပြီးတော့ ဘုရားကိုလည်း အမြဲအားကိုးဖို့ တိုက်တွန်းချင်ပါတယ်။

မေး။ ။ကျေးဇူးတင်ပါတယ်။

ဖြေ။ ။သမီးလည်း ကျေးဇူးတင်ပါတယ်။

ဒီထွေး

# တစ်ဘာသာဂုဏ်ထူးရှင် အဲနာအေးမြင့်ဇင်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း



မေး။ ။မင်္ဂလာပါသမီးရေ။

ဖြေ။ ။မင်္ဂလာပါ ရှင်။

မေး။ ။သမီးနာမည်၊ သမီးမိသားစုနဲ့ ဘယ်မှာနေလဲ ဆိုတာ မိတ်ဆက်ပေးပါအုံး။

ဖြေ။ ။ဘာသာနာမည်က အဲနာ ၊ ကျောင်းနာမည်ကတော့ အေးမြင့်ဇင်ဦး။ မိဘများကတော့ ဦးဝီလီယံနှင့် ဒေါ်မေရီပါ။ သမီးအခုနေတာက စစ်ကဲကုန်း၊ မော်လမြိုင်မြို့မှာပါ။

မေး။ ။သမီးနေတဲ့ကျောင်းနှင့်သမီးရဲ့ခုံနံပါတ်ကရော။

ဖြေ။ ။မရမ်းကုန်း အထက (၃) မော်လမြိုင်ပါ။ ခုံအမှတ်က ညလ-၈၃ ပါ။

မေး။ ။သမီးရဲ့ရမှတ်တွေကရော။

ဖြေ။ ။မြန်မာစာ-၆၆၊ အင်္ဂလိပ်စာ-၅၅၊ သင်္ချာ-၄၁၊ ဓာတုဗေဒ-၅၇၊ ရူပဗေဒ-၆၂ နှင့် ဇီဝဗေဒ-၈၁ တို့ဖြစ်တယ်။

မေး။ ။သမီးရဲ့ဝါသနာကဘာလဲ။

ဖြေ။ ။စာဖတ်တယ်။ သီချင်းနားထောင်တယ်။

မေး။ ။သမီးရဲ့ ရည်မှန်းချက်နှင့်ရှေ့ဆက် လုပ်ဆောင်မည့် အရာက ဘာဖြစ်မလဲ။

ဖြေ။ ။Tutor တစ်ယောက်ဖြစ်ဖို့ရည်မှန်းထားပါတယ်။

မေး။ ။ ငယ်ငယ်ကပညာရည်ထူးချွန်ဆုရခဲ့ဖူးလား။

ဖြေ။ ။စတုတ္ထတန်း၊အဌမတန်းနှင့်နဝမတန်းတွေမှာထူးချွန်ဆုရဖူးပါတယ်။

မေး။ ။ဒီလိုတက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို အောင်မြင်အောင် ဘယ်လို ကြိုးစားခဲ့ရသလဲ။

ဖြေ။ ။ဘုရားကိုအားကိုးတယ်၊ စာမကျက်ခင်စိပ်ပုတီးစိပ်တယ်။ ကျောင်းကရော၊ ကျူရှင်ကပါ ဆရာ၊ ဆရာမများ သင်ကြား ပို့ချတာရော သူတို့ပြောတဲ့ စကားတွေရော တသွေမတိမ်းလိုက်နားထောင်တယ်။ ကျူရှင် တက်ပြီးလို့ အိမ်ပြန်ရောက်ရင်လည်း အားလုံးတစ်ခေါက်တော့ ဖြစ် အောင် အမြဲပြန်လေ့ကျင့်တယ်။ ညဆိုရင်တော့ ၇ နာရီက နေ ၁၁ နာရီအထိ စာကျက်တယ်။ ဇီဝဗေဒ ဘာသာရပ်ကိုတော့ အထူးလေ့ကျင့်ဖြစ်တယ် အားနေရင် ပုံဆွဲလေ့ကျင့် တယ်၊ အင်္ဂလိပ်စာ Essay နှင့် Letter တွေကိုလည်း အမြဲ လေ့ကျင့်ဖြစ်တယ်။ ကျောင်းမှာ ဆရာဆရာမများက မသင် သေးတဲ့စာတွေကိုလည်း ကြိုကြည့်တယ်။

မေး။ ။တခြားထူးထူးခြားခြားလုပ်တာမျိုးရော ရှိလား။

ဖြေ။ ။အခုစာမေးပွဲဖြေတဲ့ တပတ်အတွင်းတော့ သမီးသတ်သတ်လွတ်စားတယ်။

မေး။ ။အခုစာမေးပွဲအောင်သွားပြီဆိုတော့ဘယ်လိုခံစားရလဲ။

ဖြေ။ ။(ရယ်လျက်) ပျော်တာတော့ပျော်တယ်။ ဒါပေမဲ့အား မရဘူး။

မေး။ ။အခုသမီးအနေနဲ့ ကျေးဇူးတင်ပါလို့ပြောရမည့်သူများ ရှိရင် ဘယ်သူ့ကို ပြောမလဲ။

ဖြေ။ ။ ပထမကတော့ ဘုရားသခင်ပေါ့နော်၊ ပြီးတော့မိဘ၊ အဖွားရယ်၊ အဒေါ်ရယ်၊ စာသင်ပေးတဲ့ဆရာ၊ ဆရာမတွေ ကိုပြောချင်ပါတယ်။

မေး။ ။နောက်နှစ်တွေမှာ တက္ကသိုလ်ဝင်ခွင့်ဖြေမည့် ကျောင်းသား ကျောင်းသူတွေကို ဘာအကြံပေးချင်လဲ။

ဖြေ။ ။အခုလာမဲ့နှစ်တွေက မေးခွန်းအပြောင်းအလဲတွေရှိတော့ပိုပြီး၊ ဂရုစိုက်လေ့လာမှရမယ်။ စာကျက်ချိန်လည်း များများထားမှရမယ်။ အပျော်တွေကိုလည်း အချိန်များများ မပေးဖို့လိုလိမ့်မယ် (ရယ်လျက်)။

မေး။ ။သမီးဘယ်ဘုရားကျောင်းမှာဘုရားဝတ်ပြုလဲ။

ဖြေ။ ။စိန့်ပက်ထရစ်ဘုရားကျောင်း၊ မော်လမြိုင်မြို့။

မေး။ ။ဘယ်အချိန်ဘုရားကျောင်းသွားလေ့ရှိလဲ။

ဖြေ။ ။တနင်္ဂနွေနေ့နှင့် တခြားပွဲရက်တွေ ပြီးတော့ ညနေပိုင်းအားတဲ့ အချိန်တွေမှာ သွားလေ့ရှိတယ်။

မေး။ ။နောက်ဆုံးအနေနဲ့သမီးရဲ့ခံစားချက်တစ်ခုခုပြောဖို့ ကျန်သေးလား။

ဖြေ။ ။စာမေးပွဲအောင်ဖို့ဆိုတာကလည်း မိဘများရဲ့ ထောက် ပံ့မှု အများကြီးလိုအပ်သလို ကိုယ်ကိုတိုင်လည်း အများကြီး ကြိုးစားရမယ်။

မေး။ ။အခုလိုစိတ်ရှည်စွာ ဖြေကြားပေးတဲ့အတွက် သမီးကို ကျေးဇူး တင်ပါတယ်၊ ဘုရားရှင်ကောင်းကြီးပေးပါစေ။

ဖြေ။ ။ကျေးဇူးတင်ပါတယ်ရှင့်။

By Deacon Nicholas (OSC-MLM)



၂၀၁၈ ခု ဇွန်လ ၂၁ ရက်နေ့တွင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ဂျနီဗာတွင် ကျင်းပသော ကမ္ဘာ့ အသင်းတော်များ ကောင်စီ (WCC) တည်ထောင်ခြင်း နှစ် ၇၀ ပြည့် အခမ်းအနားတွင် တက်ရောက်ကာ အမှာ စကားပြောကြားခဲ့သည်။

ဓါတ်ပုံ - Vatican Media

## ဇူလိုင်လ မွေးနေ့ရှင် ဆရာတော်ကြီးများ



Bishop Alexander Pyone Cho
10 July 1949



Archbishop Basilio Athai
22 July 1956



၂၀၁၈ ခု ဇွန်လ ၂၁ ရက်နေ့ ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာ မြို့သို့ ဆိုက်ရောက်စဉ် ပန်းစည်းဆက်ကပ်သော ကလေးငယ်များအား နှုတ်ဆက်နေသော ပုပ်ရဟန်းမင်းကြီး



ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး သင်တန်းလုပ်ရှားမှု အဖြစ် ပန်းပျိုးလက်သို့ ဆရာတော်ကြီး များ သွားရောက်ခဲ့စဉ်

၂၀၁၈ ခု ဇွန်လ ၁၅ ရက်



ရောမမြို့ရှိလူငယ် ပြုပြင်ထိန်းသိမ်းရေးစခန်း တစ်ခုသို့ သွားရောက်စဉ် လူငယ်တစ်ဦးနှင့် စားပွဲတင် ဘောလုံးကစားနေသော ပါးပါး ဖရန်စစ်



၂၀၁၇-၂၀၁၈ တက္ကသိုလ်ဝင်စာမေးပွဲတွင် (၆)ဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် ကလေးသာသနာမှ မရီတာထောင်ရှန်းသွဲကျိန်နှင့် တွေ့ဆုံမေးမြန်းခြင်း စာ - ၂၂

**လူငယ်နှင့် ပညာရေး**

ပီတာ (လှိုင်း)

စာ - ၂၁

**မူးယစ်ဆေးသတင်းပေးတိုင်ကြားသူများကို နိုင်ငံတော်ချီးမြှင့်ငွေနှင့် အခွန်ကင်းလွတ်ခွင့် အထူးအခွင့်အရေးများပေးအပ်မည်**

စာ - ၂၀

**ငြိမ်းချမ်းရေးဆုတောင်းသံ နှင့် ငြိမ်းချမ်းရေးရောင်ခြည်ဦး**

စာ - ၁၈